# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် လုပ်ငန်းခွင်လက်တွေ့လုပ်ငန်းများကို ပိုမိုလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများရရှိစေမည်

နေပြည်တော် မေ ၂၉

ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ❍*



**ယနေ့** *ဖတ် စ ရာ*

ပဲခူးတိုင်းဒေသကြီးသို့ ဧပြီလအတွင်း ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာတစ်သန်း တိုးတက်ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၆၀ ဖန်တီးပေးနိုင်ခဲ့ — ပြည်တွင်းသတင်း စာ ၅

အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေး ဖုန်းဖြင့်ဆွေးနွေး — နိုင်ငံတကာသတင်း စာ ၁၃

ပွင့်ဖြူမြို့နယ်၌ မုန်လာဥနီများ စတင်တူးဖော်လျက်ရှိ — စီးပွားရေးသတင်းများ စာ ၁၉




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❍ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**အမွှေးနံ့သာရည်များပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သင်တန်းကျောင်းကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အဆောက်အအုံသစ်နှင့်စပ်လျဉ်းသည့် Video Clip ကို ကြည့်ရှုကြပြီး အဆောက်အအုံနှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

**ဂါရဝပြုပေးအပ်**

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဂါရဝပြုပေးအပ်သည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်းမုခ်ဦးကို ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**“ မိမိတို့နိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သဖြင့် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန် လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင် ”**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း LEGAL ADVOCACY CENTER (LAC) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်း နေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများမဖြစ်မနေ သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက် တစ်ရပ်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စတင်တာဝန်ယူ ဆောင်ရွက်သည့် အချိန်မှစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွား မြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝတိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ခေတ်စနစ်နှင့် လျော်ညီစေမည့်ဥပဒေများ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးဖြည့်စွက်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

**ပုံသဏ္ဌာန်မျိုးစုံဖြင့် အကောင်အထည်ဖော်**

ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး နိုင်ငံတော်၏ရှေ့ဆက်ရမည့် လုပ်ငန်းများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများအကြား ဥပဒေအသိပညာပြန့်ပွားရေးကို ရည်ရွယ်ပြီး ဥပဒေဝန်ဆောင်မှုလုပ်ငန်းများကို ပုံသဏ္ဌာန်မျိုးစုံဖြင့် အကောင်အထည်ဖော်ပေးရခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖွင့်လှစ်သည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း (Legal Advocacy Center) သည် ဥပဒေအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မည့် နေရာတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့် နေရာတစ်ခုဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သဖြင့် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန် လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာသင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေအသိပညာရှိကြရန် လိုအပ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်ရာတွင်လည်း စီမံခန့်ခွဲမှုဆောင်ရွက်သူများအနေဖြင့် ဥပဒေကိုနားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့လုပ်ကိုင်ဆောင်ရွက်မှုများသည် အမှားအယွင်းနှင့် အပြစ်ကင်းစင်ပြီး အကျိုးရှိမှန်ကန်ထိရောက်သည့် လုပ်ရပ်များနှင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးရလဒ်များကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာ(ဥပဒေ) ပညာဘွဲ့ B.A(Law) ပညာသင်ကြားနေပြီး အဓိကကျသည့် တက္ကသိုလ်များတွင် ဥပဒေဘွဲ့(LLB) ပညာသင်ကြားပေးနေကြောင်း၊ ယခုထက်လည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မွေးထုတ်ပေးလိုက်သည့် ဥပဒေပညာရှင်များသည် နိုင်ငံတကာတွင် ရင်ဆိုင်ယှဉ်ပြိုင်နိုင်သည့် အကျော်ဇေယျများဖြစ်သည်အထိ လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး က ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။




ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် အဆောက်အအုံနှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး ထံ လွှဲပြောင်းပေးအပ်စဉ်။

❖ **ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းစဉ်များကို ယခုထက်ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်ကောင်းမွန်သည့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန်နှင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းတွင် တက်ရောက်လေ့လာသင်ယူကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် ဥပဒေပညာရပ်များ ရှာမှီးနိုင်သည့် ဗဟုသုတဗိမာန်ကြီးတစ်ခုအဖြစ် ရေရှည်တည်တံ့အောင် ဆက်လက်ကြိုးပမ်း**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို ဆောင်ရွက်ကြရာတွင် ဂုဏ်သိက္ခာရှိရှိဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် ဥပဒေအရာရှိများကို ခန့်အပ်တာဝန်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ယခု ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် လုပ်ငန်းခွင်လက်တွေ့လုပ်ငန်းများကို ပိုမိုလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာ ပြန့်ပွားစေရေးကို ဆောင်ရွက်ပေးခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဖော်ဆောင်ရေးကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အပြင် အဂတိလိုက်စားမှုကင်းစင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်သည့် အကျိုးကျေးဇူးကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း။

**ရေရှည်တည်တံ့အောင်ဆက်လက်ကြိုးပမ်း**

ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းစဉ်များကို ယခုထက် ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်ကောင်းမွန်သည့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန်နှင့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းတွင် တက်ရောက်လေ့လာသင်ယူကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် ဥပဒေပညာရပ်များ ရှာမှီးနိုင်သည့် ဗဟုသုတဗိမာန်ကြီးတစ်ခုအဖြစ် ရေရှည်တည်တံ့အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းကြီးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများအတွက် အောင်မြင်တိုးတက်မှုပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပိုမိုကောင်းမွန်သည့် ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုနှင့် ဥပဒေအသိပညာပေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ယခုကဲ့သို့ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း ဖွင့်လှစ်ခြင်းဖြင့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းများကို ပိုမိုဖွင့်လှစ်သင်ကြားနိုင်မည်ဖြစ်သောကြောင့် ဥပဒေအသိပညာပြန့်ပွားပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးသို့ ဧပြီလအတွင်း ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာတစ်သန်း တိုးတက်ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၆၀ ဖန်တီးပေးနိုင်ခဲ့

**ပဲခူး ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၄) ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စက်ရုံလုပ်ငန်းများ ထူထောင်ရာတွင် သတ်မှတ်ထားသည့် စက်မှုဇုန်အတွင်း၌သာ ဦးစားပေး ခွင့်ပြုပေးသွားရမည်ဖြစ်ပြီး လိုအပ်သော အုပ်ချုပ်မှုကိစ္စရပ်များ လွယ်ကူစွာစီမံဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ တည်ဆောက်ဆဲ စက်ရုံများနှင့် ခွင့်ပြုချက်/လိုင်စင်ရရှိရေး စောင့်ဆိုင်းနေရသည့် စက်မှုလုပ်ငန်းများအတွက် လုပ်ငန်းများ အမြန်ဆုံး လည်ပတ်နိုင်ရေးနှင့် ရုံးလုပ်ငန်းများတွင် ကြန့်ကြာမှုမရှိစေရေး သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ဒေသခံလုပ်သားအင်အားများများ အလုပ်အကိုင် ဖန်တီးပေးနိုင်သည့် CMP လုပ်ငန်းများနှင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းလူသုံးကုန် ထုတ်လုပ်သည့်စက်ရုံများကို ဦးစားပေးဖိတ်ခေါ်သွားရမည်ဖြစ်ကြောင်း၊ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးခြင်းအပြင် စက်ရုံအတွင်း စက်ရုံလုပ်သားများ ကျန်းမာရေးနှင့် ညီညွတ်စွာ လုပ်ကိုင်နိုင်ရန် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးအတွင်း လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသော စက်မှုလုပ်ငန်းများကို ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိသလို တက်ရောက်လာသည့် ကော်မတီဝင်များကလည်း တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုပေါ် လစဉ်ဆန်းစစ်လေ့လာသုံးသပ်တင်ပြပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ခေတ္တအတွင်းရေးမှူးက ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်တစ်ခုနှင့် တည်ရှိပြီးသား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း တိုးတက်ထုတ်လုပ်မည့် စီမံချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များက အကြံပြုဖြည့်စွက်တင်ပြခဲ့မှုပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါလုပ်ငန်းများ၏ တင်ပြချက်များအရ ဧပြီလတွင် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာတစ်သန်းနှင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်း ၆၀ ဦး ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# တံတားဦးမြို့နယ်၌ ဆီထွက်သီးနှံအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပ

**မန္တလေး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ဆီထွက်သီးနှံထုတ်လုပ်မှု တိုးတက်ရေး အထူးဇုန် ဇုန် (၂) တွင်ပါဝင်သော တံတားဦးမြို့နယ်တွင် ခရိုင်လုပ်ငန်းကြီးကြပ်မှု ကော်မတီနှင့် မြို့နယ် လုပ်ငန်းကြီးကြပ်မှု ကော်မတီတို့၏ ဦးဆောင်မှုဖြင့် ကျေးရွာအုပ်စုခုနစ်စုမှ မြေပဲ၊နှမ်း၊နေကြာစိုက် တောင်သူ ၇၀ အား ဆီထွက်သီးနှံ အထွက်နှုန်း တိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲကို တံတားဦးမြို့ မြို့တော်ခန်းမ၌ ဧပြီ ၂၇ ရက်က ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ နည်းပညာပေးဆွေးနွေးပွဲတွင် ဆီထွက်သီးနှံအထူးဇုန် စီမံကိန်း ဒါရိုက်တာ ဦးကျော်ကျော်ဦးနှင့် ရုံးချုပ် SMS ပညာရှင်များဖြစ်သော မြေအသုံးချဌာနခွဲမှ ဒေါက်တာခင်ခင်မူ၊ မျိုးစေ့ဌာနခွဲမှ ဒေါ်အိအိငြိမ်း၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဒေါ်နီနီဆိုင်၊ စိုက်ပညာဌာနခွဲ ဆီထွက်မှ ဒေါ်ချိုချိုခိုင်နှင့် တံတားဦးမြို့နယ်ဦးစီးမှူး ဦးကနေဒီထွန်းတို့က မြေပဲ၊ နှမ်း၊ နေကြာ အထွက်နှုန်းတိုးတက်ရေး နည်းလမ်းများကို ဟောပြောဆွေးနွေးရာ ကော်မတီအဖွဲ့ဝင်များနှင့် တံတားဦးမြို့နယ် ဝန်ထမ်းများ စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ပြီး တောင်သူများက လာမည့်မိုးရာသီအတွက် စိုက်ပျိုးရန် မျိုးစေ့လက်ဝယ်ရှိပြီးဖြစ်ကြောင်း၊ ကြုံတွေ့ရသော ပိုးမွှားရောဂါနှင့် မြေဆီလွှာပြဿနာများအကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် (H.E. Mr. Wang Xiao Hong) ၏ ဖိတ်ကြားချက်အရ မေ ၂၄ ရက်မှ ၂၉ ရက်အထိ မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Chen Hai၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## လာဆာမြို့သို့ထွက်ခွာ

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် Beijing Capital အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာ (Lhasa) မြို့သို့ ထွက်ခွာခဲ့ရာ Lhasa Gongga လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိခဲ့ပြီး တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာ ကျူးရှိုခဲ (Mr. Zhu Shouke) ဦးဆောင်သောအဖွဲ့က ကြိုဆိုခဲ့ကြသည်။

## ညစာစားပွဲသို့ တက်ရောက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့မှူး မစ္စတာ ကျန်းဟုန်ပေါ် (Mr. Zhang Hongbo) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဝန်ကြီးဌာနနှစ်ခုအကြား ဝန်ကြီးအဆင့် သဘောတူညီချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့မှူး Mr. Zhang Hongbo တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲတပ်ဖွဲ့မှူး မစ္စတာ ကျန်းဟုန်ပေါ် (Mr. Zhang Hongbo) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

မေ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ တိဗက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ UNESCO စာရင်းဝင် အထင်ကရ နေရာတစ်ခုဖြစ်သည့် Potala Palace နှင့် တာ့ကျောင်း ဘုန်းတော်ကြီးကျောင်းသို့ သွားရောက် လေ့လာခဲ့ကြသည်။ ထို့နောက် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကောလိပ်သို့ သွားရောက်ပြီး သင်တန်းသားများ၏ လက်တွေ့လေ့ကျင့်မှုအစီအစဉ်များကိုလည်းကောင်း၊ ကျားရှီး (Zhaxi) ရဲစခန်းသို့ သွားရောက်ပြီး အမျိုးသားမှတ်ပုံတင်ကတ်ပြုလုပ်ခြင်းနှင့် ရဲလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ တိဗက်ပြည်နယ် အကြမ်းဖက်မှုနှိမ်နင်းရေးဌာနသို့ သွားရောက်ပြီး မိုင်းရှင်းလင်းရေး လေ့ကျင့်ခန်းများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး စီးနင်းဝင်ရောက်နှိမ်နင်းမှု လေ့ကျင့်ခန်းများနှင့် လက်ဖြောင့်တပ်သားများ၏ လေ့ကျင့်ပစ်ခတ်မှုများကိုလည်းကောင်း လေ့လာခဲ့ကြသည်။

မေ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာ (Lhasa) မြို့မှ စီချွမ်းပြည်နယ် ချန်ဒူးမြို့သို့ ထွက်ခွာခဲ့ရာ ချန်ဒူးမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ရောက်ရှိခဲ့ကာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ကွမ်တုံးပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာ ဟွမ်ကော်ဟွေး (Mr. Huang Guohui) ဦးဆောင်သောအဖွဲ့က ကြိုဆိုခဲ့ကြသည်။

## ကျူးမြစ်အတွင်းလေ့လာ

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကွမ်တုံးပြည်နယ် ရဲတပ်ဖွဲ့မှူး မစ္စတာ လျိုကော်ကျိုး (Mr. Liu Guozhou) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ပပျောက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများကို ပူးပေါင်းတိုက်ဖျက်ရေး၊ နယ်စပ်နေပြည်သူများ ဘေးကင်းလုံခြုံရေး၊ နှစ်နိုင်ငံ ဝန်ကြီးဌာနနှစ်ခုအကြား ဝန်ကြီးအဆင့် သဘောတူညီချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဆက်ဆံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးမြစ်အတွင်း လှည့်လည်လေ့လာခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် အလုပ်သဘောခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အပြုသဘောဆောင်သည့် ရလဒ်များကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ UNESCO စာရင်းဝင် အထင်ကရ နေရာတစ်ခုဖြစ်သည့် Potala Palace သို့ သွားရောက်လေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကျူးမြစ်အတွင်း လှည့်လည်လေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကွမ်တုံးပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး မစ္စတာ ဟွမ်ကော်ဟွေး (Mr. Huang Guohui) ဦးဆောင်သောအဖွဲ့က ကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

* ကျောဖုံးမှ

ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သောအရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုဂုဏ်ပြုအားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများ ရင်းရင်းနှီးနှီး မေးမြန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သောအရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ဆေးဝါးကုသမှု ပေးထားသည့် အခြေအနေများ၊ ရောဂါကုသပျောက်ကင်းသက်သာမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းကာအားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား မော်လမြိုင်မြို့၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**မြို့/ရွာများအတွင်း အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်ခိုအောင်းမှု မရှိစေရေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သည် နယ်စပ်ဒေသများဖြစ်ပြီး အရေးပါသော နယ်စပ်ကုန်သွယ်ရေးဝင်ပေါက်များ ရှိသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် နယ်စပ်ကုန်သွယ်ရေးကဏ္ဍ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေများ၊ လက်ရှိဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူများကို နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးစည်းရုံးဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ၊ တည်ငြိမ်အေးချမ်းမှုရှိပြီးဖြစ်သည့် မြို့/ရွာများအတွင်း အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်ခိုအောင်းမှု မရှိစေရေး လုံခြုံရေး အသိ၊ လုံခြုံရေး သတိရှိစွာဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်အတွင်းရှိ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူများ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက် ပေးနိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ နိုင်ငံရေးသည် ကာကွယ်ရေး၊ စီးပွားရေးတို့နှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည့်အတွက် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် MSME လုပ်ငန်းများကိုလည်း ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည့် အခြေအနေများကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

**တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး**

ထို့နောက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာ အချက်အလက်များ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများနေထိုင်နိုင်ရန် ယာယီတိုက်ပွဲရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် လိုအပ်သည့် ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုများ၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့သည့် မြို့၊ ရွာများတွင် ပြန်လည်ထူထောင်ရေးနှင့် မိုင်ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး စီမံဆောင်ရွက်နေမှုများ၊ MSME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးထားမှုနှင့် ဒေသအတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဒေသတွင်း ထုတ်ကုန်များဖြစ်သည့် ရော်ဘာနှင့် ဆန်၊ စပါး အတွက် Work Plan များ ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**စစ်ဆင်ရေး၊ နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာများ မှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တပ်နယ်များမှ တပ်မှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စစ်ဆင်ရေး၊ နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာများအား ညှိနှိုင်းဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု လှည့်လည်စစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ တူးဖော်ထိန်းသိမ်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၌ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်ပါ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းရေကန်များ တူးဖော်ပြုပြင် ထိန်းသိမ်းခြင်းနှင့် ပုဂံမြို့ဟောင်းကျုံးတူးဖော် ထိန်းသိမ်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မြကန်တူးဖော်ထိန်းသိမ်းမှု ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်က ရှေးမင်းကောင်းမင်းမြတ်များနှင့် ပြည်သူများ တူးဖော်အသုံးပြုခဲ့သည့် ရှေးဟောင်းရေကန်ဖြစ်သော မြကန်ကို ကြည့်ရှုစစ်ဆေးရာ မြကန်တူးဖော် ထိန်းသိမ်းမှု အခြေအနေ၊ ရေဝင်ရောက်ရေး၊ ရေဝင်လမ်းကြောင်းများ ထိန်းသိမ်းရေးတို့နှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဇယဝေဇီကန်နှင့် မင်္ဂလာကန်(၃) တူးဖော်ပြီးစီးမှုအခြေအနေတို့ကို မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးကလည်းကောင်း၊ ဖိုးသူတော်ကန် တူးဖော်ပြီးစီးမှုအခြေအနေကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ကန်အတွင်း ရေဝင်လမ်းကြောင်းများ ရေဝင်ရောက်ရှိရေး၊ ကန်အတွင်း ရေစိမ့်မှုများ မရှိစေရေး၊ ရေအဆက်မပြတ်ရှိစေရေး၊ ရေကန်များကြံ့ခိုင်မှုရှိရေး၊ ရေကန် တစ်ကန်နှင့် တစ်ကန် ချိတ်ဆက်သည့် ရေလမ်းကြောင်းများ မိုးမကျမီ အပြီးတူးဖော်ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ယင်းနောက် ရေတော်မုနိကန်၊ ရွာဟောင်းကြီးကန်၊ ဆုတောင်းပြည့်ကန်၊ ကိုမောက်ကန်များ ပြန်လည်တူးဖော်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေကိုလည်းကောင်း၊ ပုဂံခေတ်ကတည်းက မြကန်မှ ပုဂံမြို့ဟောင်း ကျုံးအတွင်းသို့ ရေစီးဆင်းသည့် ရေစီးလမ်းကြောင်း တစ်လျှောက်တွင် အနော်ရထာလမ်း ဖြတ်သန်းဖောက်လုပ်ခဲ့သဖြင့် ရေကျော်နေသည့် နေရာအား Box culvert ပြုလုပ်မည့်နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ မှာကြားသည်။

**ပုဂံမြို့ဟောင်းအရှေ့ဘက်ကျုံး ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ၁၉၉၀ ပြည့်နှစ်က တူးဖော်ခဲ့ပြီး သဲနုန်းပို့ချမှုကို ပြန်လည်ဖယ်ရှား၍ ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်နေသည့် ပုဂံမြို့ဟောင်း အရှေ့ဘက်ကျုံး တူးဖော်ထိန်းသိမ်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်အကြီးအကဲ အာနန္ဒာဘုရားသို့ ဖူးမြော်ကြည်ညိုစဉ်က လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမတွင် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်ကာလ ပျဉ်ပြားမင်းနန်းစံစဉ်ကတည်းက မြို့ရိုး၊ ကျုံး၊ မြောင်းများနှင့်အတူ ရေတွင်းရေကန်များ တူးဖော်ခဲ့ပြီး သဘာဝမြေမျက်နှာပြင် အနိမ့်အမြင့်ပေါ် မူတည်၍ အမြင့်ဆုံး တုရင်တောင်ခြေရှိ မြကန်မှ အလံပုဂံ၊ ၎င်းမှ အလယ်ကန်၊ ၎င်းမှ လေးမျက်နှာကန်၊ ၎င်းမှ ညောင်လက်ဖက်ကန်၊ ဖိုးသူတော်ကန်စသည်ဖြင့် ရေကန်အဆင့်ဆင့်သို့ ရေစီးလမ်းများဖြင့် သွယ်ယူ၍ ပုဂံမြို့ ကျုံးအတွင်းထိ ရေသွယ်ယူစီမံခဲ့သည်ကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းသုတေသနပြု၍ တူးဖော်ထိန်းသိမ်းမှု အခြေအနေ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှု မရှိစေရန် စစ်ဆေးအကဲဖြတ်မှု (HIA) အတိုင်း ဆောင်ရွက်မှု၊ ပြည်ပရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်ကိုပါ ဖိတ်ခေါ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပါ ပူးပေါင်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ကွင်းဆင်းလေ့လာ၍ အကြံပြုအကဲဖြတ်ခြင်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အဆိုပါ ရှေးဟောင်းရေကန်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ အကူအညီဖြင့် စနစ်တကျဖော်ထုတ် နုန်းပို့ချထားသည်များကို ဆယ်ယူ၍ ဒေသခံများအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေ ရရှိစေရန်နှင့် ရှေးဟောင်းရေစီမံမှုစနစ် ပြန်လည်အသက်ဝင်စေရန် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ လေလွင့်မှု မရှိစေရန်နှင့် အရည်အသွေးကောင်းမွန်သပ်ရပ်အောင် ဆယ်ယူထိန်းသိမ်းရေးဆောင်ရွက်ပေးစေလိုကြောင်း၊ ပုဂံဒေသရှိ ကျေးရွာများတွင် ဒေသခံပြည်သူများ အခက်အခဲဖြစ်နေသော သောက်ရေသုံးရေ၊ တိရစ္ဆာန်များနှင့် စိုက်ပျိုးရေများ သိုလှောင်အသုံးပြုနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်စေရေးပါ ဆောင်ရွက်ပေးရန်နှင့် ရေရှည်အတွက်ပါ ဆက်လက်ထိန်းသိမ်းရေး စီမံပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ်သို့ ရောက်ရှိပြီး မြို့ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်မည့် မြေနေရာသို့ သွားရောက်ခဲ့ရာ တာဝန်ခံအရာရှိက မြို့ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်ရန် ဆောင်ရွက်ပေးလျက်ရှိ

**တပ်ကုန်း မေ ၂၉**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ထုံးဖိုကျေးရွာတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ သီးနှံများ တိုးချဲ့စိုက်ပျိုးရေး တောင်သူများနှင့် တွေ့ဆုံခြင်းကို မေ ၂၈ ရက်က အဆိုပါကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ (KC)ခန်းမ၌ ကျင်းပသည်။



တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်ရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးကောင်း၊ မျိုးသန့် သုံးစွဲရေး၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရေး၊ သွင်းအားစုများထည့်သွင်းမှု မှန်ကန်ရေးနှင့် စိုက်ပျိုး၊ ရိတ်သိမ်းရာ စက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုဆောင်ရွက်နိုင်ရေး၊ နွေစပါးနှင့် နွေသီးနှံများကို လျှာထားဧကပြည့်မီရေး၊ တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာများကိုလည်း တိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းပိုမိုတိုးတက်မှသာ ပြည်တွင်းစားသုံးဆီဖူလုံမည်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် ဆီထွက်သီးနှံများကို ဂရုပြုစိုက်ပျိုးကြစေလိုကြောင်း၊ ချည်မျှင်ရှည်ဝါသီးနှံကို မိုးကြိုမိုးနှောင်းရာသီအလိုက် လျာထားချက်ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးရန်နှင့် ဝါသီးနှံ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းလမ်းများကို လိုက်နာဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မြို့ရွာသန့်ရှင်းသာယာလှပရေး သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် တက်ရောက်လာသည့် တောင်သူများက သီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်သည့်လုပ်ငန်းများ တင်ပြခဲ့ကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြင့်ကျော်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဖောက်လုပ်ဆောင်ရွက်ထားသည့် အုန်းပင်ကျေးရွာ၊ သားခိုတောင် တောင်တက်လမ်းမြေသားလမ်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ဘုရားဖူးခရီးစဉ်ဒေသအဖြစ် တိုးချဲ့ဖော်ဆောင်နိုင်ရေး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရှိရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၉

**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းနှင့် အမှုထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်း ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် မိမိတို့ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ မူဝါဒများ၊ ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အခြေခံသဘောတရားများကို သေသေချာချာ သိရှိနားလည်စေရန် လိုအပ်ပါကြောင်း၊ သင်တန်းပြီးချိန်တွင် သင်တန်းသားများအနေဖြင့် Group Presentation များကို အုပ်စုလိုက် လက်တွေ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်နှင့် မိမိတို့ ဝန်ကြီးဌာနအပေါ် သစ္စာစောင့်သိ၍ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ဝန်ထမ်းလက်စွဲနှင့်အညီ စနစ်တကျ၊ စည်းကမ်းတကျဖြင့် ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ ယခုသင်တန်းမှ စွမ်းဆောင်ရည်ပြည့်ဝသော အရာထမ်း/အမှုထမ်းကောင်းများ မွေးထုတ်ပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိဆိုသည့် အချက်များနှင့် ပြည့်စုံသော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ပါစေကြောင်းနှင့် ယခုသင်တန်းကို အလေးအနက်ထား၍ တက်ရောက်စေလိုကြောင်း ပြောကြားသည်။



အဆိုပါ သင်တန်းကို ဧပြီ ၂၉ ရက်မှ ဇွန် ၁၇ ရက်အထိ In Person ၂၂ ဦး၊ Online ဖြင့် ၂၉ ဦး စုစုပေါင်း ၅၁ ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲဘာသာရပ်နှင့် ဝန်ထမ်းများ သိရှိထားရမည့် ဘာသာရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိကြီးများနှင့် သင်တန်းနည်းပြများအား ဖိတ်ခေါ်၍ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဖူလုံရေးရုံးအဆောက်အဦသစ်နှင့် ဆေးခန်းတက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၉**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ မြို့နယ် လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။




**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အခမ်းအနားသို့ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြည်ထောင်စု ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရုံးနှင့် ဆေးခန်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍**(အပေါ်ယာပုံ)** မြို့နယ်ရုံးနှင့် ဆေးခန်းအဆောက်အဦသစ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးအာမခံ (Social Insurance) စနစ်အရ လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်လာစေရေး မဟာဗျူဟာရည်မှန်းချက်တစ်ရပ် ချမှတ်၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းထည့်ဝင်ကြေးများနှင့် နိုင်ငံတော်၏ အဓိကကုန်ထုတ် စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ငွေလက်ငင်းအကျိုးခံစားခွင့်များအား ခံစားရရှိနိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုအလွယ်တကူလက်လှမ်းမီရယူနိုင်စေရန် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများအပြင် ပုဂ္ဂလိကနှင့် ပူးပေါင်း၍ စာချုပ်ဆေးခန်းများ ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူ လက်လှမ်းမီရယူနိုင်စေရန် ပုဂ္ဂလိကနှင့်ပူးပေါင်း၍ စာချုပ်ဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေးဝန်ဆောင်မှု ထောက်ပံ့ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် Capitation Payment စာချုပ်ဆေးခန်း ၁၅ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၄၉ ခန်း၊ Specialist OG OPD ပြသနိုင်သောဆေးခန်း ၃၈ ခန်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ/သားဖွားခန်း ၁၅ ခန်းတို့ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိရာ ရောဝတီတိုင်းဒေသကြီးအတွင်း အကျုံးဝင်အာမခံ အလုပ်သမားပေါင်း ၂၇၁၅၇ ဦးအတွက် လူမှုဖူလုံရေး ဆေးခန်း ၁၀ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း သုံးခန်း၊ Capitation Payment စာချုပ်ဆေးခန်း တစ်ခန်းနှင့် Specialist OG OPD ပြသနိုင်သောဆေးခန်း တစ်ခန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ လူနာဦးရေ ၁၁၀၉ ဦးကို ဆေးဖိုးငွေကျပ်သန်း ၂၄၄ ဒသမ ၅၆၄ သန်း ပေးအမ်းခဲ့ကြောင်းနှင့် အဆိုပါ မြို့နယ်ရုံးနှင့် ဆေးခန်းအဆောက်အဦသစ်တို့အား (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၆၉ ဒသမ ၉၇၃ သန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**အလုပ်သမားများကိုတွေ့ဆုံ**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် သွားရောက်မည့် အလုပ်သမားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးက ယနေ့သည် မြန်မာအလုပ်သမားဝန်ကြီးဌာနနှင့် ထိုင်းအလုပ်သမားဝန်ကြီးဌာန နှစ်ခု ပူးပေါင်းပြီး အလုပ်သမားများ ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်မည့် လုပ်သားများအနေဖြင့် မိမိကို တာဝန်ယူစေလွှတ်သည့် ပြည်ပအလုပ်အကိုင် အေဂျင်စီ၏ အမည်နှင့် ဖုန်းနံပါတ်များ၊ သွားရောက်လုပ်ကိုင်မည့်စက်ရုံအမည်၊ လိပ်စာ၊ ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများ၏ ဖုန်းနံပါတ်များ၊ လုပ်ငန်းခွင်အတွင်း ကြီးကြပ်သူများ၏ အမည်၊ ဖုန်းနံပါတ်များကို သိရှိအောင် ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ အလုပ်လုပ်ကိုင်ရာတွင် လုပ်ငန်းခွင်အတွင်း အခက်အခဲများ ရှိနိုင်မည်ဖြစ်ပြီး ၎င်းအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းခွင်အတွင်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစည်းကမ်းရှိစွာ နေထိုင်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိမိသားစုဝင်များထံသို့ လွှဲပို့ငွေများ ၂၅ ရာခိုင်နှုန်းနှင့် အခွန် ၂ ရာခိုင်နှုန်းကို လစဉ်လွှဲပြောင်းရေး ကြိုးစားဆောင်ရွက်ရန်နှင့် တရားဝင်လွှဲပို့နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တရားဝင်လွှဲပို့ရာတွင် ပြင်ပငွေလဲလှယ်နှုန်းနှင့် ကွာခြားမှု မရှိစေရေးနှင့် ဘဏ်များသို့ သွားရောက်ရန် မလိုအပ်ဘဲ လုပ်ငန်းခွင်မပျက် အလွယ်တကူ လွှဲပို့နိုင်ရေး Remittance Management System (RMS) Application ရေးဆွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားများအနေဖြင့် မိမိတို့ ဘဏ်ကတ်များကို အလုပ်ရှင်ထံ အပ်နှံထားခြင်းမပြုဘဲ ကိုယ်တိုင်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ Online လောင်းကစားသူများက မိမိတို့ ဘဏ်အကောင့်များကို အသုံးချပြီး ဆောင်ရွက်မှုမပြုနိုင်ရေး ဂရုပြုဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

**ကူညီဆောင်ရွက်**

ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်သို့ အလုပ်သမား အမျိုးသား ၁၉၇ ဦး၊ အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၂၆၂ ဦးစေလွှတ်ခဲ့ရာ ဒွန်မောင်းလေဆိပ်သို့ ရောက်ရှိချိန်တွင် ထိုင်းနိုင်ငံလေဆိပ်တာဝန်ရှိသူများ၊ ထိုင်းအလုပ်အကိုင် ဌာန (DOE) မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ အလုပ်သမားသံမှူး ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်နှင့် တာဝန်ရှိသူများက အဆိုပါ အလုပ်သမားများကို လှိုက်လှဲစွာကြိုဆိုခဲ့ကြပြီး ဆေးစစ်မှုဆောင်ရွက်ခြင်း၊ ဗီဇာကိစ္စနှင့် Work Permit ဆိုင်ရာ ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းခွင်သို့အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# စာကြည့်တိုက်များ၏အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေးလုပ်ဆောင်ကြရန် လမ်းညွှန်မှာကြားချက်ကို အလေးထားဆောင်ရွက်





**နေပြည်တော် ဧပြီ ၂၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**စာဖတ်ခြင်းအလေးထား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ် လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးရန်၊ စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့်စာကြည့်တိုက် ယဉ်ကျေးမှုထွန်းကားရေး လုပ်ဆောင်ကြရန် လမ်းညွှန်မှာကြားချက်ကို ယနေ့ သင်တန်းတက်ရောက်လာကြသည့် သင်တန်းသားများက အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် စာဖတ်ခြင်းကို အလေးထားပါကြောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးသည် များပြားသည့်အတွက် စာဖတ်ရှိန်မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် လူငယ်၊ ပညာရေးကဏ္ဍနှင့် စာကြည့်တိုက်သည် အရေးကြီးသည့် ကဏ္ဍကြီးများ ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်စေရေးအတွက် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်း ဆောင်ရွက်မှုသည် အရေးကြီးသကဲ့သို့ ဝန်ထမ်းများ၏ တစ်ဦးချင်း စွမ်းဆောင်ရည်များ တိုးတက်လာစေရေးသည်လည်း အရေးကြီးသည့်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် သင်တန်းနှစ်စဉ်ဖွင့်လှစ်၍ ဝန်ထမ်းများအား လေ့ကျင့်ပေးမှု အားကောင်းသည့်ဌာနအဖြစ်လည်း အသိအမှတ် ပြုပါကြောင်း၊ ဌာန၏ လုပ်ငန်းများကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ဦးတည်၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း (၁/၂၀၂၄) ကို ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း။

**လက်တွေ့လုပ်ငန်းတွင်အသုံးချ**

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များသည် ဌာန၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်တွေ့အသုံးပြုရမည့် ဘာသာရပ်များကို ထည့်သွင်းရေးဆွဲပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားခဲ့ရသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းတွင် အသုံးချနိုင်သည်အထိ သင်ယူပြီး မိမိတို့နှင့်အတူ လက်တွဲထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကိုလည်း ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း၊ သင်ကြားပေးသည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင် ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့ ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။(ဝဲပုံ)

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများမှ ဦးစီးအရာရှိ ၃၀ တက်ရောက်ကြပြီး သင်တန်းကို မေ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး အလေးထားဆောင်ရွက်ရန်နှင့် စက်ရုံများ အသစ်တည်ဆောက်ခြင်း မပြုလုပ်နိုင်သေးမီကာလတွင် ရှိပြီးသားစက်ရုံများကို ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းမောင်းနှင်သွားရန်နှင့် ဓာတ်အားပေးစက်များ ပုံမှန်လည်ပတ်ထုတ်လုပ်နိုင်ရန်အတွက် စက်များ၏ ကြံ့ခိုင်ရေးကိုလည်း စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှု၊ တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနေမှု၊ ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့်ကျောက်မီးသွေးပြာများ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေး တူးဖော်ရေးလုပ်ကွက်သို့ရောက်ရှိပြီး ကျောက်မီးသွေးများ တူးဖော်ထုတ်ယူနေမှုနှင့် ကျောက်မီးသွေးများအား Conveyor Belt ဖြင့် ဓာတ်အားပေးစက်ရုံရှိ ကျောက်မီးသွေး သိုလှောင်ရုံများသို့ သယ်ယူပို့ဆောင်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် တည်ရှိပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ စက်တပ်ဆင်အင်အားမှာ ၆၀ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက် နှစ်လုံးဖြင့် စုစုပေါင်း တပ်ဆင်အင်အား ၁၂၀မဂ္ဂါဝပ်ဖြစ်ပြီး ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မည့် ဓာတ်အားမှာ ၉၆၀ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ပြီး ထွက်ရှိလာသောလျှပ်စစ်ဓာတ်အားများကို ၁၃၂ ကေဗွီ တီကျစ်-လောပိတဓာတ်အားလိုင်း၊ ၁၃၂ ကေဗွီ တီကျစ်-လွိုင်ကော်ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ တီကျစ်-ကလောဓာတ်အားလိုင်းတို့ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလောမြို့ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ကလောပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ကယားပြည်နယ်မှ စစ်ဘေးရှောင်၍ ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ရုံးဌာနများတွင် တွဲဖက်တာဝန် ထမ်းဆောင်လျက်ရှိသည့် စစ်ဘေးရှောင်ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ စစ်ဘေးရှောင် ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောပင်မဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် Switchyard အတွင်း လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိဖြန့်ဖြူးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှုအားကောင်းသောဒေသများတွင် လေပြင်းတိုက်ခတ်ခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၈ ဦး တွေ့ရှိ

(၂၉-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၁-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၃၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန(တွံတေး) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်တန်းကျောင်းတွင် နေထိုင်စဉ်ကာလအတွင်း သင်တန်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ရေး၊ ဂေဟာ/သင်တန်းကျောင်းများတွင် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ ပြည့်ဝစွာ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်၊ သင်တန်းသား လူငယ်များ နေထိုင်သည့် အိပ်ဆောင်များ၊ စားရိပ်သာများနှင့် သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းသားများ လက်တွေ့သင်ကြားလေ့ကျင့်နေသော သက်မွေးပညာသင်တန်းများဖြစ်သည့် ဆံသသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ဆပ်ပြာဆီထုတ်လုပ်မှုသင်တန်းနှင့် သံဂဟေဆက်သင်တန်း (ဝရိန်သင်တန်း)များကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းတွင် ခေတ်ပေါ်တေးဂီတတီးဝိုင်း တည်ထောင်နိုင်ရေးအတွက် လူငယ်များကို လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းနှင့် ဘော်လီဘောကွင်းများတွင် လူငယ်များ လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဖြစ်သည်အထိ ကြိုးစားလေ့ကျင့်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းရှိ အားကစားခန်းမတွင် သင်တန်းသား လူငယ်များနှင့် တွေ့ဆုံ၍ လူငယ်များသည် နိုင်ငံတော်၏ အရေးကြီးဆုံး အရင်းအမြစ်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး မိမိတို့၏မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူတော်လူကောင်းများဖြစ်စေရေး အတိတ်သင်ခန်းစာများ ရယူ၍ ကျင့်ကြံကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။ အဆိုပါ သင်တန်းကျောင်းတွင် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေး ၅၉ ဦးနှင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော ကလေး ၅၇၅ ဦး စုစုပေါင်း ၆၃၄ ဦးကို လက်ခံစောင့်ရှောက်ထားရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တွံတေးမြို့ရှိအမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ရောက်ရှိရာ ကျောင်းအုပ်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)အရ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းများ အချင်းချင်းစည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်နှင့် ဌာနတွင်စောင့်ရှောက်ထားသော ကလေးများကို လူမှုပတ်ဝန်းကျင်အတွင်း ပြန်လည်ဝင်ဆံ့ရန် ဘက်ပေါင်းစုံမှ စေတနာထား၍ လေ့ကျင့်သင်ကြားပေးရန်၊ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များ ဖိတ်ခေါ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးရန်နှင့် ၎င်းတို့နေရပ်ပြန်ပါက ပြန်လည်အသုံးချနိုင်မည့် ထိရောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များလည်း သင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဌာနရှိ ဆေးပေးခန်း၊ ကျောင်းသူ အိပ်ဆောင်များ၊ ရာသီသီးနှံစိုက်ခင်းများနှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ခရီးသွားဈေးကွက်မှာ အလားအလာရှိသော ဈေးကွက်တစ်ခုဖြစ်

**နေပြည်တော် မေ ၂၉**

တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများ ဖွင့်ပွဲ အခမ်းနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မန္တလေးမြို့ ဖူးကျင့် နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်းတာဝန်ခံ ကျောင်းအုပ် ဦးအောင်မင်းစိုးနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအနေအထားအရ တရုတ်ခရီးသွားဈေးကွက်သည် ကမ္ဘာ့ Outbound ခရီးသွား ဈေးကွက်၏ မောင်းနှင်အားတစ်ခုဖြစ်ပြီး ကမ္ဘာနှင့်တစ်ဝန်း သွားလာလည်ပတ်မှု အများဆုံး အနေအထား၌ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ တရုတ်ခရီးသွားများ သွားလာလည်ပတ်မှု အများဆုံးခရီးစဉ်ဒေသများတွင် အရှေ့တောင်အာရှဒေသ ပါဝင်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ခရီးသွားဈေးကွက်မှာအလားအလာရှိသော ဈေးကွက်တစ်ခုပင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ စာရင်းဇယားများအရ မြန်မာနိုင်ငံသို့ ဗီဇာဖြင့် ပြည်ပခရီးသွားဧည့်သည် ရောက်ရှိမှုစာရင်းတွင် တရုတ်ခရီးသွားဧည့်သည် ရောက်ရှိမှုမှာ ထိပ်ဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်နေသည်ကို တွေ့ရှိရပါကြောင်း။

တရုတ်ဘာသာစကားပြော သင်တန်းများကိုလည်း ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်နှင့် ပုဂံတို့တွင် သက်ဆိုင်ရာသံရုံး၊ အဖွဲ့အစည်းများ၊ ကျောင်းများနှင့် ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း၊ ယခုသင်တန်းကို ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်ကြားရေးဌာနမှ သင်ကြားပေးမည်ဖြစ်ပြီး တက်ရောက်ကြမည့် ဝန်ထမ်းများအနေဖြင့် အကျိုးရှိရှိ ထိရောက်အောင် လေ့လာသင်ယူကြရန်နှင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရန် ဆက်လက်ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်လျော်ညီသည့် စွမ်းရည်များရှိစေရန် ကြိုးစားပြီး ဝန်ကြီးဌာနမှ အားကိုးအားထား ပြုရသော ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစား အားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်း တာဝန်ခံ ကျောင်းအုပ် ဦးအောင်မင်းစိုးက သင်တန်းကျောင်း ဖွင့်လှစ်နေမှု၊ ဘာသာစကား သင်တန်းများ ဖွင့်လှစ် သင်ကြားပေးနေမှုနှင့် ယခု တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ တရုတ်ဘာသာစကားပြော သင်တန်းများကို သင်တန်းကာလ နှစ်လအကြာ သင်ကြား ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ချောက်မြို့ အနော်ရထာတံတားဂိတ်၌ တရားမဝင်ကုန်သွယ်မှုမရှိစေရေး စစ်ဆေး

**ချောက် မေ ၂၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့ ဧရာဝတီမြစ်ကူး အနော်ရထာတံတားဂိတ်၌ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များပေါ်တွင် တရားမဝင်ကုန်သွယ်မှုမရှိစေရေးအတွက် စစ်ဆေးခြင်းများကို တာဝန်ရှိသူများက မေ ၂၉ ရက်တွင် ဆောင်ရွက်သည်။



အဆိုပါ အနော်ရထာတံတားထိပ်ဂိတ်တွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအဖွဲ့ဝင်များဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က တရားမဝင်ကုန်သွယ်မှုမရှိစေရေးနှင့် မြို့နယ်အတွင်းသို့ ကုန်ပစ္စည်းဝင်ရောက်ရာတွင် တရားမဝင်ကုန်စည်များ၏ အန္တရာယ်နှင့် တရားမဝင်ကုန်သွယ်မှုကြောင့် ဒေသတွင်း ထိခိုက်မှုမရှိစေရေးအတွက်ရည်ရွယ်၍ စစ်ဆေးမှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းအငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ကြီးဌာန၏ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် ကွန်ပျူတာစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၏ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ရာထူးအတွက် ကွန်ပျူတာ စစ်ဆေးခြင်းနှင့် လူတွေ့ နှုတ်ဖြေစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ပြည်ထောင်စု ဝန်ကြီးသည် ပြည်သူ့အင်အား ဦးစီးဌာန၏ ကွန်ပျူတာခန်းမ၌ ကွန်ပျူတာစစ်ဆေးနေမှု၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်၍ အဖွဲ့ခွဲအလိုက် လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်း ဆောင်ရွက်နေမှု၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာန ကွန်ပျူတာခန်း၌ ကွန်ပျူတာစစ်ဆေးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လာရောက်ဖြေဆိုသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် ဌာန၏ အဓိကလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်အတွက်အဓိကလက်ငင်းဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်း တာဝန်များကို အင်ပြည့်အားပြည့် ဆောင်ရွက်နိုင်ရေးအတွက် ဌာန၌ လစ်လပ်လျက်ရှိသည့် ဝန်ထမ်းများ ဖြည့်တင်းနိုင်ရန် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ရာထူးအတွက် အမျိုးသား ၁၂၀၊ အမျိုးသမီး ၃၀ စုစုပေါင်း ၁၅၀ ခန့်ထားနိုင်ရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝန်ထမ်းလျှောက်လွှာများ ခေါ်ယူ၍ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို မတ် ၁၆ ရက်က သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ အင်္ဂလိပ်စာ ရေးဖြေစာမေးပွဲများ ကျင်းပခဲ့ရာ အဆိုပါ ရေးဖြေစာမေးပွဲအောင်မြင်ကြသူများကို ကွန်ပျူတာစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းတို့ကို ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နေပြည်တော်(ရုံးချုပ်)၌ ကျင်းပဆောင်ရွက်ခြင်းဖြစ်ပြီး စစ်ဆေးမှု အောင်မြင်သူများကို ဝန်ထမ်းခန့်ထားရေး လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၉**

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပိုက်ကျော်ခြင်းအားကစားနည်းကို ပြည်သူများ စိတ်ပါဝင်စားလာအောင် သင်တန်းများ၊ ပြိုင်ပွဲများ များစွာပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ နေပြည်တော်ကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်းသည် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့ပြီး နေပြည်တော်၏ ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် အားကစားနည်းလည်းဖြစ်ကြောင်း၊ ပိုက်ကျော်ခြင်း အားကစားနည်းသည် နည်းစနစ်ကိုအခြေခံပြီး တစ်ဦးချင်းကျွမ်းကျင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ သက်လုံနှင့်ကြံ့ခိုင်မှုတို့ ပြည့်ဝရန်လိုသည့်အပြင် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ အပေးအယူမျှမျှနှင့် ယှဉ်ပြိုင်ကစားရသည့် အားကစားနည်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့အသင်း အနိုင်ရရှိစေရန် အနိုင်မခံအရှုံးမပေးဘဲ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာဖြင့် ဆုံးဖြတ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာစေရန် ကြိုးစားယှဉ်ပြိုင်သွားကြရန် ပြောကြားပြီး **(အပေါ်ပုံ)** ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အသက် (၂၅) နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဇေယျာသီရိမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။


၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဧပြီ ၂၉ ရက်မှ မေ ၃ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းများကို အလေးပေး ဆောင်ရွက်လျက်ရှိရာ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ Yangon International Gateway Terminal (YIGT) မှ ပြောင်းဖူးစေ့တန်ချိန် ၈၂၀၀ နှင့် မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တင်ပို့ခဲ့သည်။



ထို့ပြင် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT-3)မှ သင်္ဘောတစ်စင်းသို့ ရေထွက်ကုန်၊ ဆန်၊ ပဲများ တင်ဆောင်လျက်ရှိသည်။ အလားတူ အေးရှားဝေါလ်ဆိပ်ကမ်း (AWPT-3) နှင့် သီလဝါဆိပ်ကမ်း (Myanmar International Terminal Thilawa) တို့မှ သင်္ဘောသုံးစင်းဖြင့် ရေထွက်ကုန်၊ ဆန်၊ ပဲ၊ ချုပ်ပြီးအထည်၊ သစ်တောထွက်၊ သကြား၊ နှမ်း၊ အထွေထွေကုန်ပစ္စည်းများ၊ ကုန်သေတ္တာအခွံ၊ ပြောင်း၊ ရော်ဘာတို့ တင်ဆောင်ထွက်ခွာသွားကြောင်း သိရသည်။

ထို့အတူ ဧပြီ ၃၀ ရက်တွင် အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (AIPT-3) မှ ပြောင်းဖူးစေ့ တန်ချိန် ၁၂၇၀၀၊ မင်းထက်မင်း ဆိပ်ကမ်းမှ ပြောင်းဖူးစေ့ တန်ချိန် ၅၄၀၀၊ ဆူးလေဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၄၄၄၀၀ နှင့် ဆန်တန်ချိန် ၇၅၀၀ ၊ မေ ၁ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal -TMT 3)မှပြောင်းဖူးစေ့ တန်ချိန် ၆၀၅၀ ၊ မေ ၃ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal-TMT2) မှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ၊ Yangon International Gateway Terminal (YIGT) မှ ပြောင်းဖူးစေ့တန်ချိန် ၉၄၀၀ နှင့် မေ ၅ ရက်တွင် ဆူးလေဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀၊ အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(AIPT-1)မှ ပြောင်းဖူးစေ့ တန်ချိန် ၂၇၅၀၀ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများပြန်လွှတ်ပေးရေး ဖုန်းဖြင့်ဆွေးနွေး

ဂျေရုဆလင် မေ ၂၉

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုတို့သည် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများပြန်လွှတ်ပေးရေးအပေါ် ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။**



အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု

အစောပိုင်းက ဖုန်းပြောဆိုရာတွင် ခေါင်းဆောင်နှစ်ဦးသည် အစ္စရေးနှင့် အစ္စလာမ္မစ်အုပ်စုဟားမားစ်တို့အကြား ဆွေးနွေးညှိနှိုင်းမှုကို ပြန်လည်သုံးသပ်ခဲ့ကြောင်း အိမ်ဖြူတော်က မေ ၂၈ ရက်က ကြေညာခဲ့သည်။

ဘိုင်ဒင်နှင့် နေတန်ယာဟုတို့သည် ယခုသီတင်းပတ်တွင် မြောက်ပိုင်းဖြတ်ကျော်ရာ နေရာသစ်ဖွင့်လှစ်ရန် ပြင်ဆင်မှုများအပါအဝင် ဂါဇာသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တိုးမြှင့်ပေးရေးကိုလည်း ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ စစ်ပွဲများ ဆက်လက်လုပ်ဆောင်နေသည့် အစ္စရေးတပ်ဖွဲ့က အတည်ပြုထားသည့်အစီအစဉ်များအတွက် အမေရိကန်သမ္မတက ၎င်း၏သဘောထားကို ထပ်လောင်း ပြောကြားသည်။ ဘိုင်ဒင်သည် ရာဖာ၌ အစ္စရေး၏ မြေပြင်စစ်ဆင်ရေးနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိသည်များကို အလွန်စိုးရိမ်မိကြောင်း ဆက်လက်ပြောကြားသည်။

အင်န်အိတ်ချ်ကေ

## ရာဖာ၌ အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၂၀ ထက်မနည်းသေဆုံး

ဂါဇာ မေ ၂၉

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ရာဖာ၌ မေ ၂၈ ရက်က လူနေအဆောက်အအုံ သုံးလုံးအပေါ် အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်သဖြင့် ပါလက်စတိုင်း ၂၀ ထက်မနည်းသေဆုံးကြောင်း ပါလက်စတိုင်းတရားဝင်သတင်းအေဂျင်စီဖြစ်သည့် ဝါဖာက မေ ၂၉ ရက်တွင် ပြောကြားသည်။ သေဆုံးသူများထဲတွင် ကလေးများနှင့် အမျိုးသမီးများ ပါဝင်ကြောင်း ပါလက်စတိုင်းဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်က ပြောကြားသည်။



အခြား လူအများအပြားမှာ အပျက်အစီးများအောက်တွင် ပိတ်မိနေဆဲဖြစ်ပြီး ၎င်းတို့အား ကယ်ဆယ်ရန် အရပ်ဘက်ကာကွယ်ရေး အမှုထမ်းများက လုပ်ဆောင်လျက်ရှိကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ပြောကြားသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုမှာ ကိုင်ရို၌ ဟားမားစ်ခေါင်းဆောင်များနှင့် အီဂျစ်ဖျန်ဖြေရေးအဖွဲ့များအကြား ယာယီအပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲအသစ်များမတိုင်မီ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဟားမားစ်ကိုယ်စားလှယ်အဖွဲ့သည် တနင်္လာနေ့တွင် ကိုင်ရိုသို့သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၆၆ ဦး သေဆုံးပြီး အခြား ၁၃၈ ဦးဒဏ်ရာရရှိကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစကာ ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၆၄၈၈ ဦးနှင့် ဒဏ်ရာရရှိသူ ၇၇၆၄၃ ဦး ရှိလာပြီဖြစ်ကြောင်း ဟားမားစ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံတောင်ပိုင်း၌ အပူလှိုင်းဖြတ်၍ လူနှစ်ဦးသေဆုံး

နယူးဒေလီ မေ ၂၉

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ အပူလှိုင်းဖြတ်သန်းနေချိန် အပူချိန် ၄၂ ဒီဂရီ ဆဲလ်စီးယပ်အထက် မြင့်နေသောကြောင့် လူနှစ်ဦးသေဆုံးခဲ့သည်။ ယင်းအပူချိန်သည် ယခုနှစ်သာမန်အပူချိန်ထက် ၅ ဒီဂရီဆဲလ်စီးယပ်ပိုမြင့်သည်။

**လူနှစ်ဦးအပူလျှပ်သေဆုံး**

မေ ၂၈ ရက်က ဖော်ပြခဲ့သော အိန္ဒိယတူဒေးအစီရင်ခံစာတွင် ပြင်းထန်သော အပူလှိုင်းကြောင့် လူနှစ်ဦး အပူလျှပ်သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။

သေဆုံးသူနှစ်ဦးအနက် တစ်ဦးမှာ အသက် ၉၀ အရွယ် သက်ကြီးအမျိုးသမီးတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ ၅၃ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။

အပူလှိုင်းဖြတ်သန်းခြင်းသည် တစ်ရက်သို့မဟုတ် နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**အပူလှိုင်းဖြတ်သည့်အခြေအနေနှင့် ကြုံတွေ့**

ကီရာလာ၊ တမီလ်နာဒူ၊ အန်ဒရာ ပရာဒက်ရှ်နှင့် တီလန်ဂါနာပြည်နယ်များအပါအဝင် အိန္ဒိယနိုင်ငံတောင်ပိုင်းတစ်ခုလုံးနှင့် အိန္ဒိယနိုင်ငံအရှေ့ပိုင်း သြဒိသပြည်နယ်များတွင်လည်း လွန်ခဲ့သည့် ရက်အနည်းငယ် အတွင်း အပူလှိုင်းဖြတ်သည့်အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်။

ဆင်ဟွာ



## မလေးရှားနိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် လေးဦးထပ်မံသေဆုံး

ကွာလာလမ်ပူ မေ ၂၉

သီတင်းပတ်တစ်ပတ်ကျော်အတွင်း မလေးရှားနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် ထပ်မံသေဆုံးသူ လေးဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လွန်ခဲ့သော သီတင်းပတ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၆၉၈ ဦးနှင့်နှိုင်းယှဉ်ကြည့်လျှင် မေ ၁၄ ရက်မှ ၂၀ ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၃၂၀ ဦးအထိ တိုးလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

လေးဦးထပ်မံသေဆုံးကြောင်း သတင်းဖော်ပြမှုနှင့်အတူ ၂၀၂၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးကြောင့် စုစုပေါင်းသေဆုံးသူ ၃၉ ဦး အထိရှိလာခဲ့သည်။ လွန်ခဲ့သောနှစ်က သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၂၂ ဦး ရှိခဲ့သည်။

ဆင်ဟွာ

## ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူပေါင်း ၉၀ ထက်မနည်းသေဆုံး

နိုင်ရိုဘီ မေ ၂၉

အရှေ့အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော ကင်ညာ၌ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးခြင်းတို့ကြောင့် လူပေါင်း ၉၀ ထက်မနည်းသေဆုံးခဲ့ပြီး ပျောက်ဆုံးမှုများလည်း ရှိနေသောကြောင့် သေဆုံးသူအရေအတွက် ယခုထက် ပိုမိုများလာနိုင်ကြောင်း ကင်ညာအာဏာပိုင်များက ပြောကြားလိုက်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ ပြောစကားများအရ လျှပ်စီးလက်ပြီး မိုးကြိုးပစ်ခြင်းကို ရှောင်ရှားလိုသည့်အနေဖြင့် လူများသစ်ပင်နောက်တွင် ပုန်းအောင်းနေရာမှတစ်ဆင့် လျှပ်တစ်ပြတ်ရေကြီးမှုများကြောင့် ရေစီးနှင့်မျောပါသွားကြပြီး သေဆုံးသူများရှိသလို ဒဏ်ရာရရှိသူများလည်း ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများကြောင့် နိုင်ငံတစ်ဝန်း ဒေသ တော်တော်များများတွင် လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများ အပါအဝင်ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သည်။

ကင်ညာ အာဏာပိုင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များက ပြည်သူများကို ရေလွှမ်းမိုးသည့် ဒေသများကို ရှောင်ကြဉ်ရန်နှင့် အမြင့်ပိုင်းဒေသများသို့ ပြောင်းရွှေ့ရန်၊ မိုးသည်းထန်စွာရွာသွန်းနေချိန် ယာဉ်မောင်းခြင်းများကိုလည်း မပြုလုပ်ကြရန် တိုက်တွန်းထားသည်။

ဆက်လက်ရေကြီးနစ်မြုပ်မှုများနှင့် မိုးရွာသွန်းခြင်းများကြောင့် ဖြစ်ပေါ်လာသောသဘာဝဘေးဒုက္ခများကို သက်သာစေရန် လိုအပ်သော ဆောင်ရွက်ချက်များကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း အစိုးရက ပြောကြားလိုက်သည်။

မိုးလေဝသဌာနက မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သတိပေးထားသည်။

နိုင်ငံအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားမည်ဖြစ်ကြောင်းနှင့် လာမည့်ရက်များအတွင်း စီရင်စု ၄၀ ကျော်၌ မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ထောင်စုပေါင်း ၂၄၁၉၆ စု ရွှေ့ပြောင်းနေထိုင်ကြရသည်။

ဆင်ဟွာ



# ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်)နှင့် ဒွါဒသမတန်း လူရည်ချွန်စခန်း(ချောင်းသာ)မှ ၂၀၂၄ခုနှစ် လူရည်ချွန်မောင်မယ်များ ပုသိမ်မြို့ပေါ်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



ပုသိမ် ဧပြီ ၂၉

**ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)နှင့် ဒွါဒသမတန်း လူရည်ချွန်စခန်း (ချောင်းသာ)မှ ၂၀၂၄ခုနှစ် လူရည်ချွန်မောင်မယ်များသည် ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ပေါ်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ပြီး ဂုဏ်ပြုညှိနှိုင်းခံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

ဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် နံနက်ပိုင်းတွင် ပုသိမ်မြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး အလှူငွေများ စုပေါင်းလှူဒါန်းကြရာ ဂေါပကအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ဂေါပကအဖွဲ့က စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းအား ရှင်းလင်းပြောကြားသည်။



ထို့နောက် လူရည်ချွန်မောင်မယ်များသည် မြန်မာ့ရိုးရာလက်မှုပညာ ပုသိမ်ထီးလုပ်ငန်းခွင်သို့လည်းကောင်း၊ ရွှေမြင်းပုသိမ်ဟာလဝါ၊ သူဌေးမုန့် အရောင်းဆိုင်နှင့် ရွှေမြင်းပျံပုသိမ်ဟာလဝါလုပ်ငန်းသို့ လည်းကောင်း သွားရောက်လေ့လာကြသည်။ ထိုသို့ လေ့လာနေကြသည့် လူရည်ချွန်မောင်မယ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားပျော်ရွှင်စွာ လေ့လာနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် (MSMEs)လုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ စားသောက်ကုန်များနှင့် ဈေးရောင်းပွဲတော်ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားကို နေ့လယ်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဆက်လက်ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများနှင့် လူရည်ချွန်မောင်မယ်များ တက်ရောက်ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လူရည်ချွန်စခန်း(ချောင်းသာ)မှ တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများနှင့် ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များ၏ ရင်တွင်းစကားသံများ

**ချောင်းသာ ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ လူရည်ချွန်စခန်း (ချောင်းသာ) ၌ မြန်မာတစ်နိုင်ငံလုံးမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၇ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမများသည် ဧပြီ ၂၇ရက်မှ မေ ၁ ရက်အထိ ယာယီစခန်းချ၍ လူရည်ချွန်ဟောင်းကြီးများနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်း၊ ဒေသန္တရဗဟုသုတများ လေ့လာခြင်း၊ ကမ်းခြေတွင်အပန်းဖြေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူရည်ချွန်စခန်းတွင် ရောက်ရှိနေသည့် လူရည်ချွန်စခန်း (ချောင်းသာ)မှ တာဝန်ရှိသူများ၊ လူရည်ချွန်ကြီးများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များ၏ ရင်တွင်းစကားသံများကို ပြည်သူများ သိရှိနိုင်ရန်အတွက် ဖော်ပြအပ်ပါသည်။



လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်



ဒေါက်တာမိုးမိုးခိုင်



မောင်ရဲမင်းကျော်



မခိုင်ခိုင်မော်

**ဦးခင်မောင်ကြည်(လူမှုရေးရာဝန်ကြီး- တိုင်းဒေသကြီး)**

ဧရာဝတီတိုင်း ဒေသကြီးမှာ လူရည်ချွန်စခန်းက နှစ်ခုဖွင့်ပါတယ်၊ ငွေဆောင်လူရည်ချွန် အပန်းဖြေစခန်းနဲ့ ချောင်းသာလူရည်ချွန် အပန်းဖြေစခန်း ဖြစ်ပါတယ်။ စခန်းဖွင့်လှစ်မယ့်နေ့ ၂၇ ရက်နေ့ လူရည်ချွန်မောင်မယ်တွေ ရောက်လာတယ်၊ ၃၀ ရက်အထိက ဒီမှာနေထိုင်ပြီးတော့မှ အပန်းဖြေကြမှာဖြစ်ပါတယ်၊ သူတို့သွားရောက်ပြီးတော့မှ လေ့လာစရာရှိတဲ့နေရာတွေကို လေ့လာကြမှာဖြစ်ပါတယ်၊ မေ ၁ ရက်နေ့မှာတော့ ငွေဆောင်၊ ချောင်းသာ စခန်းနှစ်ခုကနေပြီးတော့မှ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်။ စခန်းချနေထိုင်တဲ့ရက်တွေမှာ ချောင်းသာစခန်း၊ ငွေဆောင်စခန်း အပြန်အလှန်လေ့လာခြင်းတွေ လုပ်တာရှိပါတယ်၊ ဟိုတယ်လုပ်ငန်းတွေကို လေ့လာမှာဖြစ်ပါတယ်၊ အဲဒီအပြင် ဟိုဘက်နဲ့ ဒီဘက်ကို အလဲအလှယ် လေ့လာတာတွေပါရှိတယ်၊ ငွေဆောင်မှာရှိတဲ့ ဆင်စခန်း၊ ပုဇွန်မွေးမြူရေးကန်တွေကို လေ့လာမှာဖြစ်ပါတယ်။ ပုသိမ်မှာရှိတဲ့ ပုသိမ်ထီးလုပ်ငန်း၊ ဟာလဝါလုပ်ငန်းတွေကို လေ့လာမှာဖြစ်ပါတယ်၊ ဒ့ါအပြင် ပန်းတနော်မှာရှိတဲ့ ပုစွန်၊ ငါးလုပ်ငန်းမွေးမြူရေးလုပ်ငန်း Export ထုတ်တာရှိပါတယ်၊ အဲ့ဒီလုပ်ငန်းတွေကို လေ့လာသွားမှာပဲဖြစ်ပါတယ်။ ဒီကလေးတွေက Grade-12 ဆိုတာကတော့ အခြေခံပညာမှာ အမြင့်ဆုံးအတန်းဖြစ်တယ်၊ ဒီကလေးတွေက ဒီအဆင့်မှာတင် ရပ်တန့်မနေဘဲနဲ့ ဒီထက် ဒီထက်ပိုကြိုးစားပါ၊ အဲဒီလိုကြိုးစားတဲ့အခါမှာလည်း နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ နိုင်ငံကို ကမ္ဘာ့အလယ်မှာ ရင်ပေါင်တန်းအောင် လူငယ်တွေရဲ့ စွမ်းအားနဲ့ မြှင့်တင်ပေးကြပါလို့ ပြောချင်ပါတယ်။ ကျန်တဲ့လူငယ်တွေဟာလည်း လက်ရှိလူရည်ချွန် မောင်မယ်တွေကို အားကျအတုယူပြီးတော့ သူတို့ကို စံနမူနာကောင်းတွေ ပြသနိုင်ရန် နောက်ကနေပြီးတော့ ဆက်လက်ပြီးကြိုးပမ်းကြပါလို့ ပြောချင်ပါတယ်။

**ဒေါက်တာမိုးမိုးခိုင်(ခြောက်ထပ်ကွမ်း လူရည်ချွန်)၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး**

၁၉၈၁ ခုနှစ်ကနေပြီးတော့ ၁၉၈၆ အထိ လူရည်ချွန်ဆုကို ခြောက်ကြိမ် ဆက်တိုက်ရရှိခဲ့တဲ့ လူရည်ချွန်ဟောင်းကြီးတစ်ယောက်ဖြစ်ပါတယ်၊ အခုမျိုးဆက်သစ် လူရည်ချွန်လေးတွေကို သတင်းစကားပါးချင်တာကတော့ ကျွန်မတို့ကာလတုန်းက လူရည်ချွန်ရဖို့ဆိုရင် သက်ဆိုင်ရာ အတန်းပညာတွေကိုလည်း ကြိုးစားပြီးတော့ ထူးချွန်အောင်ဆောင်ရွက်ခဲ့ကြသလို ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေးကိစ္စတွေ၊ ဗဟုသုတအခြေအနေတွေအားလုံးကို ကျွန်မတို့က သူများတွေထက်ပိုပြီးတော့ ထူးချွန်အောင်ဆောင်ရွက်ခဲ့ရတဲ့အတွက်ကြောင့် လူရည်ချွန်ဆုကိုရရှိခဲ့တာဖြစ်ပါတယ်၊ ဒါကြောင့်မို့ အခုချိန်မှာရရှိခဲ့တဲ့ လူရည်ချွန်မျိုးဆက်သစ်တွေအနေနဲ့လည်း အခုလိုမျိုးပဲ အတန်းပညာတွေမှာရော၊ အထွေထွေဗဟုသုတတွေရော၊ ကျန်းမာကြံ့ခိုင်ရေးတွေမှာ သူများထက်ပိုပြီးတော့ ထူးချွန်အောင်ဆောင်ရွက်ကြပြီးတဲ့အခါမှာ အတန်းပညာတွေပြီးမြောက်သွားတဲ့အချိန်မှာဆိုရင် ကျရာအခန်းကဏ္ဍကနေပြီးတော့ နိုင်ငံတော်အတွက်၊ မိမိဒေသအတွက်၊ မိမိမိသားစုအတွက် အကောင်းဆုံးတာဝန်တွေ ထမ်းဆောင်သွားကြပါလို့ တိုက်တွန်းချင်ပါတယ်။

**မောင်ရဲမင်းကျော်(နှစ်ထပ်ကွမ်းလူရည်ချွန်)၊ စစ်ကိုင်းတိုင်းဒေသကြီး**

ကျွန်တော်က စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် အ.ထ.က(၁)စစ်ကိုင်း Grade-12 မှ နှစ်ထပ်ကွမ်းလူရည်ချွန်ကျောင်းသား မောင်ရဲမင်းကျော်ပဲဖြစ်ပါတယ်။ အခုလိုမျိုး ကျွန်တော်တို့လူရည်ချွန်တွေကို အသိအမှတ်ပြုပြီးတော့ အပန်းဖြေခရီးတွေကိုပို့ဆောင်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိတဲ့လူကြီးများအားလုံးကို လူရည်ချွန်အားလုံးကိုယ်စား ကျေးဇူးအထူးပဲတင်ရှိပါတယ်ခင်ဗျာ။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီးကဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်မှာဆိုရင် ပင်လယ်ဆိုတာ တီဗွီထဲမှာပဲမြင်ရတာပေါ့နော်။ အခုလိုမျိုးအပန်းဖြေခရီး ပို့ဆောင်ပေးတဲ့အတွက် ကျွန်တော်တို့တွေ ပင်လယ်ကြီးရဲ့အလှတရားတွေကို ပိုပြီးတော့ တစ်နေ့တစ်မျိုး မရိုးရအောင် ကြည့်ခွင့်ရခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။

**မခိုင်ခိုင်မော်(လူရည်ချွန်)၊ ကရင်ပြည်နယ်**

ကျွန်မက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကရင်ပြည်နယ်ရဲ့ လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရတဲ့ အ.ထ.က-ရွှေဘွန်းကျောင်း Grade-12 လူရည်ချွန် မခိုင်ခိုင်မော်ပဲဖြစ်ပါတယ်။ သုံးထပ်ကွမ်း၊ နှစ်ထပ်ကွမ်းလူရည်ချွန်တွေက အများကြီးဂုဏ်ယူဖို့ကောင်းတယ်၊ အားလည်းအားကျတယ်၊ လမ်းခရီးတစ်လျှောက်မှာလည်း တော်တော်လေးကူညီကြတယ်၊ အကြံဉာဏ်တွေလည်း ပေးတယ်။ ဘာတွေလိုအပ်လဲ ဖေးဖေးမမရှိတယ်။ နောင်လာမယ့် လူရည်ချွန်သစ်တွေကို ပြောချင်တာကတော့ စိတ်ဓာတ်မကျဖို့နဲ့ကြိုးစားဖို့၊ ဒီနှစ်မပါလည်း နောက်ဆုံးတစ်နေ့ကြရင် လိုချင်တဲ့ပန်းတိုင်ကို ရောက်မှာပေါ့။ သမီးရဲ့လက်ရှိ ရည်မှန်းထားတဲ့ပန်းတိုင်ကတော့ အင်ဂျင်နီယာတက္ကသိုလ်တက်ဖို့ စဉ်းစားထားပါတယ်။ သမီးတို့ လူရည်ချွန်စခန်း (ချောင်းသာ)ကို ရောက်တဲ့အချိန် မိုးတအားကြီးချုပ်နေပေမယ့် ဒေသခံတွေ၊ ဌာနဆိုင်ရာတွေက စောင့်ပြီး ကြိုပေးကြတယ်၊ အတီးအမှုတ်အကအခုန်တွေနဲ့လည်း ကြိုဆိုခဲ့ကြတဲ့အတွက် ပျော်လည်းပျော်တယ်၊ ဝမ်းသာကြည်နူးမိပါတယ်ရှင်။ **မြို့နယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့ လူရည်ချွန်စခန်းမှ ဒသမတန်း လူရည်ချွန်မောင်မယ်လေးများ ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ ရောက်ရှိလေ့လာ

**တောင်ကြီး ဧပြီ ၂၉**
ရှမ်းပြည်နယ် တောင်ကြီးမြို့ လူရည်ချွန်စခန်းရှိ ဒသမတန်း လူရည်ချွန် မောင်မယ်များသည် ယနေ့နံနက်ပိုင်းက စုရပ်စခန်းမှ ထွက်ခွာပြီး နံနက် ၉ နာရီတွင် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ ရောက်ရှိရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများ၊ ဒေသခံ ပြည်သူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက အလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ အိုးစည်ဗုံမောင်းများ တီးမှုတ်၍ လည်းကောင်း၊ ရိုးရာအကများဖြင့် လည်းကောင်း သောင်းသောင်း ဖြဖြကြိုဆိုကြသည်။

အဆိုပါ လူရည်ချွန်မောင်မယ်လေးများသည် ရွှေဥမင်သဘာဝ လိုဏ်ဂူဘုရားရှိ ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများ၊ ရုပ်ပွားတော်များ၊ သမိုင်းဝင်ရှေးဟောင်းနေရာများ၊ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမြော်၊ ကျောက်စည်၊ ကျောက်မောင်း၊ ဆင်ချည်တိုင်၊ မြင်းချည်တိုင်များ၊ သဘာဝအလျောက် ဖြစ်တည်နေမှုများကို လေ့လာကြည့်ရှုကြရာ ဘုရားဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လိုက်လံ





ရှင်းလင်းပြသပေးကြသည်။

ထို့နောက် လူရည်ချွန် မောင်မယ်များသည် ပင်းတယမြို့ အထင်ကရ နေရာတစ်ခုဖြစ်သည့် ပုန်းတလုတ်ရေကန်အား လေ့လာ လည်ပတ်ခဲ့ကြပြီး ပြန်လည် ထွက်ခွာကြရာ လူရည်ချွန်စခန်း ဖွင့်လှစ်ထားသည့် အထက(၁) တောင်ကြီးသို့ ပြန်လည်ရောက်ရှိပြီး ခေတ္တရပ်နားကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကြီးများနှင့် မျိုးဆက်သစ်လူရည်ချွန်မောင်မယ်များ ဆွေးနွေးပွဲကို အထက(၁)တောင်ကြီး ဒေါ်ခင်သိန်းခန်းမ၌ပြုလုပ်ရာ ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများ ဖြစ်ကြသည့် လေးထပ်ကွမ်း လူရည်ချွန် ဒေါ်သန်းသန်းဝင်း၊ သုံးထပ်ကွမ်း လူရည်ချွန် ဒေါက်တာသူဇာရှိန်၊ သုံးထပ်ကွမ်းလူရည်ချွန် ဒေါ်နန်းသန်းကြည်၊ နှစ်ထပ်ကွမ်း လူရည်ချွန် ဒေါ်နန်းမေသောင်းခင်၊ ဒေါ်နန်းအေးခင်မြင့်နှင့် ဒေါ်သီတာဦးတို့က အသီးသီးမိတ်ဆက် နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး လူရည်ချွန်လေးများသည် အစုအဖွဲ့များခွဲပြီး စုပေါင်းဂိမ်းကစားခြင်း၊ ဉာဏ်စမ်းပဟေဠိ ဖြေဆိုခြင်း၊ လူရည်ချွန်ကြီးများက အမှတ်တရ မေတ္တာလက်ဆောင် ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရနေရာများလေ့လာ

**ညောင်ဦး ဧပြီ ၂၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းက ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများကို ဒုတိယနေ့ ဆက်လက် လေ့လာဖူးမြော်ကြည်ညိုကြသည်။

ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဓမ္မရာဇကဘုရား၊ လောကနန္ဒာ စွယ်တော်မြတ်စေတီ၊ တာမဏီသိမ်ကျောင်း၊ ရွှေဆံတော်ဘုရားတို့အား ဖူးမြော်ကြည်ညိုကြပြီး လူရည်ချွန် ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းသည့် အလှူငွေများကို မန္တလေးတိုင်းဒေသကြီး ပညာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် လူရည်ချွန် ကျောင်းသား





ကျောင်းသူများက ဘဏ္ဍာတော် ထိန်းဂေါပက ဥက္ကဋ္ဌတို့ထံ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန (ပုဂံဌာနခွဲ) တာဝန်ရှိသူများက ဘုရားကြီးများ သမိုင်းကြောင်း၊ တည်ထားကိုးကွယ်ခဲ့သည့်မင်းများနှင့် ရှေးဟောင်းအင်္ဂတေပန်းများ၊ ဗိသုကာလက်ရာများ အကြောင်းကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရပြီး ဘုရားများတွင် ရောင်းချနေသည့် ပုဂံသမိုင်းစာအုပ်များကို ကျောင်းသား ကျောင်းသူများ ဝယ်ယူမှုများပြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# မလှိုင်မြို့နယ်၌ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုခြင်းများ စာရင်းကောက်ယူရေးသင်တန်းဖွင့်လှစ်

**မလှိုင် ဧပြီ ၂၉**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုခြင်းများ စာရင်းကောက်ယူရေးသင်တန်းကို ဧပြီ ၂၆ ရက်က မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန “ဇေယျာအောင်သံ ” အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က စံပြုလုပ်ထုံးလုပ်နည်းများ(SOP)အရ လယ်ယာမြေများပေါ်တွင်ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လူနေအိမ်၊ ဘာသာသာသနာ၊ အစိုးရဌာနအဖွဲ့အစည်း၊ ပုဂ္ဂလိကစီးပွားရေး စသည့်စာရင်းဇယားလေးမျိုးကို ကွင်းဆင်းစာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်ကိုကိုက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့၏ စာရင်းကောက်ယူမည့် နည်းလမ်းများအကြောင်းကို ဆွေးနွေးပြောကြားသည်။

အဆိုပါ စာရင်းကောက်ယူရေးလုပ်ငန်းကို လယ်ယာမြေများ ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ စံပြုလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စာရင်းကောက်ယူပြုလုပ်ခြင်းဖြစ်ပြီး မလှိုင်မြို့နယ်အတွင်းရှိ ကျပ်ဆည်ကျေးရွာအုပ်စုအတွင်း ပထမဦးစွာ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၉**
မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# စိတ်အာဟာရဖွံ့ဖြိုးရာ စာပေကုသိုလ်မျှဝေပါ

ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးတိုးတက်ဖို့၊ ဖွံ့ဖြိုးဖို့ရန်အတွက် အထူးသဖြင့် လူ့စွမ်းအားအရင်းအမြစ်အကျဆုံးဖြစ်သော လူငယ်တွေမှာ အလိုအပ်ဆုံးသော အချက်များမှာ ဘယ်အရာများဖြစ်မလဲဆိုပြီး တွေးကြည့်ဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေး ရင့်ကျက်မှုနှင့်တကွ ၎င်းကိုပြောင်းလဲစေနိုင်သည့် သဘောထားခံယူချက်များ၊ လက်ရှိမြန်မာ့၊ ကမ္ဘာ့မြင်ကွင်းတွေအပေါ်မှာ သူတို့လက်ခံထားတဲ့ ယုံကြည်မှု အတွေးအမြင်နှင့် တွေးခေါ်ပုံတွေ၊ အမူအကျင့်တွေ၊ ပတ်ဝန်းကျင်ကို မှန်မှန်ကန်ကန်ရှုမြင်တတ်ဖို့ လိုအပ်သည့် စွမ်းဆောင်ရည်နှင့် ဗဟုသုတအတွေ့အကြုံ၊ ထိုမှတစ်ဆင့် မှန်ကန်သောပြုပြင် ပြောင်းလဲတိုးတက်လိုစိတ်… ဒါတွေပဲ အဓိကဖြစ်လိမ့်မည်ဟု ယူဆမိသည်။

မိုးကေနိုင်

**စာဖတ်ခြင်းနှင့် မဖတ်ခြင်းကြား ကွာဟမှု**

အမြင်မှားတာနှင့် အတွေးပါမှားသွားတတ်သည်။ အစွန်းမရောက် အလယ်အလတ်သဘောထားမှာ မျှမျှတတ ခံယူနိုင်ရမည်ဟု ဆိုလေ့ရှိကြသည်။ ယနေ့လူငယ်များကိုယ်တိုင်က မိမိတို့အတွင်းအစ္ဈတ္တကလာသော စိန်ခေါ်မှုများကိုမြင်နိုင်ကြပြီလား။ ကိုယ့်ကိုယ်ကိုယ်အလေးထားပြီး တိုးတက်ဖို့ လူ့အဖွဲ့အစည်းကြီးကိုပြောင်းလဲဖို့ အကြီးကြီးစဉ်းစားနေသူတွေ များစွာတွေ့ဖူးပါသည်။ သူတို့လေးတွေအနက် တိုးတက်ဖို့ မိမိကိုယ်တိုင်ကို ဦးစွာ ပြောင်းလဲနိုင်အောင်ကြိုးစားနေသူတွေကို သတိထားမိသည်။

ဆန့်ကျင်ဘက်သတိထားမိပြန်တော့ အမြင်မှားအတွေးမှား၊ အစွန်းရောက် ကိုယ်ရည်ကိုယ်သွေးအားနည်းသူများအဖြစ် ခြားနားချက်များစွာကို တွေ့မိပြန်သည်။ သူတို့အချင်းချင်း ဘယ်နေရာတွေမှာ ဘယ်လို ဘယ်အချက်တွေမှာ ကွာဟသွားသလဲ… ဆန်းစစ်ကြည့်သည့်အခါ ပညာနှင့်အသိမှာ ခံယူပုံချင်း မတူခြင်းကွဲပြားသွားခြင်းကြောင့်ဖြစ်သည်။ စာပေကိုစွဲလမ်းခြင်း စာဖတ်ခြင်းအကျင့်နှင့် စာကြည့်တိုက်များမှာ အချိန်ကုန် ဆိုရှယ်မီဒီယာနှင့် ဂိမ်းမှာအချိန်မဖြုန်း စသည် အနေအထားများမှာ အဓိကကွာခြားသွားသည်ကို တွေ့ရသည်။ စာဖတ်ခြင်းကသာ မှန်ကန်သော အသိအမြင် အတွေးအခေါ် ဗဟုတုသကို များစွာပေး၍ ဖြစ်ပါသည်။

သူများက စာဖတ်ပြီးမှ သူ့အပြောကို နားထောင်ရတာထက် ကိုယ်ကိုယ်တိုင် ဖတ်မှတ်လေ့လာပြီး နားလည်သည့်အသိက ပိုခရီးရောက်သည်ကို တွေ့ရသည်။ စူးစမ်းလေ့လာလိုစိတ်ကို တိုးစေပြီး အရာရာကို နှံ့နှံ့စပ်စပ်သိရှိလာစေခြင်းကြောင့်လည်းဖြစ်သည်။ မိမိတို့တွင် ရှိပြီးသညာသိမှတစ်ဆင့် စာများများဖတ်ခြင်းဖြင့် ပညာသိကို တိုးစေသည်။ ငယ်စဉ်ကလေးဘဝတုန်းက စာပေမျိုးစုံကို ဖတ်တတ်သည့်အလေ့မှ အရွယ်ရောက်လာသည့်အခါ စာကောင်းပေမွန် အကျိုးရှိအကျိုးပြုသည့်စာပေမျိုးကို မှန်မှန်ကန်ကန် ရွေးချယ်ဖတ်တတ်လာသည်။

စာဖတ်ခြင်းမှရရှိသော ပညာသိဆိုသည်မှာ တစ်ခုခုကို အစွဲမရှိ အစွန်းမရောက် ဓမ္မဓိဋ္ဌာန်ကျကျ ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်စွမ်း ရှိလာခြင်းကို ဆိုသည်။ စာပေမှာပါသည့် အကြောင်းအရာတစ်ခုကတစ်ခါတစ်ရံ မိမိကို ဦးနှောက်မုန်တိုင်းဆင်သလို စဉ်းစားစရာ အလုပ်ရသွားစေသည့်အခါ အတွေးအခေါ်ပိုင်းမှာပါ မြင့်မားလာပြီး တွေးဆချိန်ဆတတ် နှိုင်းယှဉ်သုံးသပ်အကဲဖြတ်တတ်လာခြင်းဖြင့် လုပ်နည်းလုပ်ဟန်မှာပါ မှန်မှန်ကန်ကန်ရှိ လာသည်ကို တွေ့ရသည်။ စာဖတ်ခြင်းနှင့် စာမဖတ်ခြင်း၏သက်ရောက်မှုများပင် ဖြစ်သည်။

**စာပေကုသိုလ်ဖြင့် အနှစ်သာရရှိမှုကိုဖော်ဆောင်**

စာပေမြတ်နိုးသူ စာဖတ်ခြင်းကို အားပေးသူသည် စာကြည့်တိုက်၏တန်ဖိုးကိုလည်း အထူးသိသူဖြစ်သည်။ တကယ်တော့ Latin ဘာသာစကားကလာသည့် Library ဆိုသည့် ဝေါဟာရသည် တစ်စုတစ်စည်းထဲ စုစည်းသိမ်းဆည်းထားသည့်စာအုပ်များ Books ကိုပဲ ရည်ညွှန်းသည်ဟု လေ့လာမိသည်။ သတင်းအချက်အလက်နှင့် အသိပညာများ တစ်စုတစ်စည်းတည်းရှိသဖြင့် ရယူရာ မျှဝေရာ တက္ကသိုလ်အဖြစ်လည်း တင်စားနိုင်သည်။ အရင်းအမြစ်ပေါင်းစုံကြွယ်ဝရာ ပညာဘဏ်တိုက်တစ်ခုအဖြစ်လည်း မှတ်ယူနိုင်သည်။ ထို့ကြောင့် တိုးတက်လိုသူများက စာကြည့်တိုက်ကို အသွင်သဏ္ဌာန်ရော အနှစ်သာရမှာပါ တိုးတက်လာအောင် အားပေးကြခြင်း အထောက်အကူပြုကြခြင်းဖြစ်သည်။





ရှမ်းပြည်နယ်(မြောက်ပိုင်း) 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေစဉ်။

မြန်မာလူမျိုးများအနေဖြင့် အနည်းဆုံးတော့ ကိုယ်တတ်နိုင်သည့်ဘက်က အကျိုးရှိမည့်စာအုပ်စာတမ်းများ စာအုပ်ဝယ်ရန်ငွေကြေး စာကြည့်တိုက်ပရိဘောဂများ လှူဒါန်းပေးကမ်းကြခြင်းဖြင့် စာကြည့်တိုက်များကို ရှင်သန်ဖွံ့ဖြိုးစေလိုကြသည်ကို တွေ့ရသည်။ ထိုအချက်ကို နိုင်ငံတော်အကြီးအကဲ၏ **"စာကြည့်တိုက်များတွင် ရှိသင့်ရှိထိုက်သည့် စာအုပ်စာပေများ စုံစုံလင်လင်ထားရှိရန်နှင့် အများပြည်သူများ၏ အသိပညာတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုပေးနိုင်ရေးအတွက် စာပေကုသိုလ်ဖြင့် ဆောင်ရွက်ကြစေရန်၊ ကောက်ရိုးမီးကဲ့သို့မဟုတ် ရေရှည်အတွက် ကြည့်၍ စီမံဆောင်ရွက်ရန်"**ဟူသော လိုက်နာရမည့် စေတနာထားတိုက်တွန်းမှာကြားချက်က လက်ရှိအခြေအနေကို အပြုသဘောထင်ဟပ်နေသည်ဟု လေ့လာမှတ်သားမိပါသည်။

အထူးသဖြင့် **"စာပေကုသိုလ်"** ဆိုသည့် ဒါနမြောက်သည့် ကုသိုလ်အသုံးအနှုန်းကို အလေးအနက်ထားမိသည်။ လူတွေကို စာဖတ်လာအောင် အသိအတတ်ပညာတိုးပွားလာအောင် ပေးလှူသော ကုသိုလ်ကို မွန်မြတ်သောပညာဒါနတစ်ခုအဖြစ် မြင်မိခြင်းဖြစ်သည်။ အထူးသဖြင့် လူငယ်များကိုပစ်မှတ်ထား၍ ကျောင်းသားကျောင်းသူများ စိတ်ဝင်စားသော စာအုပ်စာတမ်းများဖြင့် ရပ်ရွာအခြေပြုစာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များကို တန်ဆာဆင်ခြင်းကပို၍ ထိရောက်မှုရှိသည်မဟုတ်ပါလား။ အကျိုးပြုသည့်စာကြည့်တိုက်များ၏ အသွင်အပြင်ဆိုသည်မှာ စာဖတ်သူနှင့် စာအုပ်ချည်း ရှိရုံနှင့်မပြီး မြေနေရာနှင့် အဆောက်အအုံလည်းရှိရမည်၊ ရန်ပုံငွေချို့တဲ့လို့မဖြစ် ငွေလည်းရှိရဦးမည်၊ အရည်အသွေးမီပြီးစေတနာပါသည့် အုပ်ချုပ်ရေးအဖွဲ့နှင့် စီမံခန့်ခွဲမှုပုံစံ၊ အကျိုးရှိသော စိတ်ဝင်စားဖွယ် စာအုပ်စာတမ်းများပြည့်စုံမှု ရှိ မရှိ၊ တူတူတန်တန် ပရိဘောဂအခင်းအကျင်း ဒါတွေအားလုံးလိုပါသည်။

> **"နေရာအနှံ့စာကြည့်တိုက်အများအပြားမှာ စာအုပ်စာပေမျိုးစုံနှင့် တင့်တယ်ခမ်းနားနေခြင်းက လူတွေကို စာများများဖတ်ဖို့ ပတ်ဝန်းကျင်ကောင်းတစ်ခုအဖြစ် ဆွဲဆောင်ရာရောက်သည့်အပြင် လူတွေကို ဆုံဆည်းစေရာ Community engagement နှင့် စာပေမြတ်နိုးသူများမွေးထုတ်ပေးရာ Cultivating a love of reading အဖြစ်လည်း ရောက်ပါသည်။ ထို့ပြင် စာကြည့်တိုက်အသုံးပြုသူအတွက်ရော နိုင်ငံအတွက်ပါ ပေးရတန်ဖိုးနှင့် ထိရောက်အကျိုးပြုတန်ဖိုး Cost effectiveness လည်း ရရှိနိုင်သည်ကို မမေ့သင့်။ ထို့ကြောင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားခြင်းနှင့် ထိုနိုင်ငံ ထိုလူ့အဖွဲ့အစည်း၏ အဆင့်အတန်း အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်မှုဆက်စပ်မှုရှိ မရှိကို မေးခွန်းထုတ်ရန်ပင် လိုအပ်မည်မထင်ပါ"**

**နေရာအနှံ့စာကြည့်တိုက်အများအပြားမှာ စာအုပ်စာပေမျိုးစုံနှင့် တင့်တယ်ခမ်းနားနေခြင်းက လူတွေကိုစာများများဖတ်ဖို့ ပတ်ဝန်းကျင်ကောင်းတစ်ခုအဖြစ် ဆွဲဆောင်ရာရောက်သည့်အပြင် လူတွေကို ဆုံဆည်းစေရာ Community engagement နှင့် စာပေမြတ်နိုးသူများမွေးထုတ်ပေးရာ Cultivating a love of reading အဖြစ်လည်းရောက်ပါသည်။ ထို့ပြင် စာကြည့်တိုက်အသုံးပြုသူအတွက်ရော နိုင်ငံအတွက်ပါ ပေးရတန်ဖိုးနှင့် ထိရောက်အကျိုးပြုတန်ဖိုး Cost effectiveness လည်းရရှိနိုင်သည်ကို မမေ့သင့်။ ထို့ကြောင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားခြင်းနှင့် ထိုနိုင်ငံ ထိုလူ့အဖွဲ့အစည်း၏ အဆင့်အတန်း အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်မှုဆက်စပ်မှုရှိ မရှိကို မေးခွန်းထုတ်ရန်ပင် လိုအပ်မည်မထင်ပါ။**

**ဖွံ့ဖြိုးမှုနှင့်ဆက်စပ်နေသည့်စာကြည့်တိုက်**

တိုးတက်သည့်လူတွေဆိုတာ သူတို့ပညာရေးအတွက် သုတေသနအတွက် သင်ကြားရေးအတွက် အဖြစ်မှန်သတင်းအချက်အလက်များကို မရမက လိုက်လံရှာဖွေနေတတ်သူတွေပါ။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံမှ ပြည်သူတွေဆိုလျှင် စာကြည့်တိုက်ကို သူတို့အတွက် သတင်းအမြစ်ရယူရာပင်မအဖြစ် ထိထိရောက်ရောက်ကို အသုံးပြုလေ့ရှိကြသည့်အပြင် အသိဉာဏ်ပွင့်လင်းရာ အပန်းဖြေအနားယူရေး intellectual recreation and entertainment အဖြစ်ပါ အသုံးပြုလာကြသည်ဟု ဆိုပါသည်။

ဖွံ့ဖြိုးပြီး စာကြည့်တိုက်တစ်ခု၏အသွင်အပြင်ကိုက ပုံနှိပ်ခြင်းပုံစံ (printed form) အပြင် အီလက်ထရွန်နစ်ပုံစံ (electronic form) နှင့်ပါ ရယူနိုင်ခြင်းက တစ်ပန်းပိုသာသည်ကို တွေ့ရသည်။ ကျောင်းပညာရေးလက်လမ်းမမီသူများအတွက် မိမိကိုယ်တိုင်သင်ကြားလေ့လာခြင်း

*စာမျက်နှာ ၁၇ သို့*

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှုလိုက်လံ ကြည့်ရှုစစ်ဆေး

**မုံရွာ ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဟုမ္မလင်းတပ်နယ်မှူး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဧပြီ ၂၈ ရက်တွင် ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းကြီးသည် ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံစေရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါ၍ တည်ဆောက်ရေးတာဝန်ခံများမှ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် တည်ဆောက်ပြီးစီးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့တာဝန်ယူဆောင်ရွက်နေမှုများအပေါ် စေတနာထားကာ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တည်ဆောက်ရေးကုန်ကြမ်းများ လုပ်ငန်းခွင်အတွင်း အချိန်မီရောက်ရှိရေး မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း အသေးစိတ်မှာကြားကာ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း၌ ဆောင်ရွက်နေသည့် ပင်မတမံကွန်ကရစ်သွန်းလောင်းနေမှုနှင့် ရေယူအဆောက်အအုံ တည်ဆောက်နေမှုလုပ်ငန်းများကို လိုက်လံရှင်းလင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိ၍ Concrete Gravity Dam တမံအမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်း ကီလိုဝပ်နာရီပျမ်းမျှ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကာ ယခုအချိန်တွင် လုပ်ငန်းအားလုံး၏ ၅၆ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်နေသည့် ဟုမ္မလင်း၊ ညောင်ပင်သာ၊ မြောက်ကုန်း၊ ဇူပြာ ဆက်လမ်းပေါ်ရှိ အရှည်ပေ ၈၀၊ အကျယ်ပေ ၂၀၊ အာရ်စီစီ ကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးမှ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။





စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ဟုမ္မလင်း၊ ညောင်ပင်သာ၊ မြောက်ကုန်း၊ ဇူပြာ ဆက်လမ်းပေါ်ရှိ အာရ်စီစီ ကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစဉ်။

**တိုင်းဒေသကြီး**

(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

*စာမျက်နှာ ၁၆ မှ*

self learning အတွက် စာကြည့်တိုက်များသည် အားကိုးရာဖြစ်လာသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည်ဆိုသည့်အတွက် စီးပွားရေး လူမှုရေး နိုင်ငံရေးကဏ္ဍများအပါ နယ်ပယ်စုံအတွက် စာကြည့်တိုက်များကို သုတစုံပညာစုံ သိုမှီးရာနေရာတစ်ခုအဖြစ် ဖန်တီးနိုင်လျှင် ပို၍ထိရောက်မှုရှိလာမည်ဖြစ်သည်ဆိုသောအချက်သည် ကျွန်တော်တို့လို နိုင်ငံမျိုးအတွက် ပို၍အရေးကြီးသည်။

အထူးသဖြင့် နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးတိုးတက်ရေးသည် အဓိကကျနေရာ လွန်ခဲ့သော ရက်အနည်းငယ်က မြန်မာနိုင်ငံတစ်ဝန်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတစ်ခုမှာ နိုင်ငံအကြီးအကဲ လမ်းညွှန်ခဲ့သကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ၊ ရေအသုံးပြုမှုနှင့်ပတ်သက်သည့် လက်တွေ့အသုံးချစာအုပ်စာတမ်းများကိုလည်း ဖတ်ရှုလေ့လာနိုင်အောင် စုစည်းသိုမှီးထားသင့်သည်ဆိုသောအချက်မှာ မှန်ပါသည်။ ဤ Concept ကို စီးပွားရေးဖွံ့ဖြိုးမှုနှင့် စာကြည့်တိုက်များဆက်စပ်မှုကို ဖော်ထုတ်ထားသည့် ဖွံ့ဖြိုးဆဲအာဖရိက နိုင်ဂျီးရီးယားနိုင်ငံ၏ Case study တစ်ခုမှာ လေ့လာဖူးပါသည်။

## စာဖတ်ခြင်း၏ အကျိုးကျေးဇူး

စာဖတ်ခြင်းက စိတ်အာဟာရကို နှိုးဆော်ပေးစွမ်းသည်ဟု ဆိုလေ့ရှိကြသည်။ စိတ်အာဟာရဆိုသည်မှာ စိတ်ကောင်းနှလုံးကောင်း ကိုယ်ရည်ကိုယ်သွေးကောင်းနှင့် ရင့်ကျက်ကြံ့ခိုင်မှု ဆုလာဘ်တစ်မျိုးပင်ဖြစ်သည် တစ်နည်း စိတ်ခွန်အားရရှိလာခြင်းပင်ဖြစ်သည်။ စာကောင်းပေကောင်းများက အယူအဆနှင့်လုပ်ရပ်အမှားအမှန်ကို ဝေဖန်ခွဲခြားတတ်စေပြီး မှန်တာကိုလုပ် မှားတာဆိုမလုပ်တတ်သည့် ရိုးသားခြင်းဟူသောဂုဏ်ကိုလည်း ပေးပါသည်။ မသိတာတွေသိရ၊ ပညာဗဟုသုတရသဖြင့် အချင်းချင်းဆွေးနွေးကြ၊ မေးမြန်းကြ၊ ဖြေကြားကြရာမှာလည်း မိမိကိုယ်မိမိ လူရာဝင်သလိုဖြစ်လာကာ အပေါင်းအသင်းဆံ့ပြီး ယုံကြည်မှုကိုတိုးစေသည်။ လူတွေကို လိမ္မာလာစေပြီး အပြုအမူတွေကို ယဉ်ကျေးလာစေသည်။ မိမိတစ်ဦးတည်း ဖတ်နေရုံသိနေရုံနှင့်မပြီး တစ်ခါတစ်ရံ စာပေမြတ်နိုးသူအချင်းချင်း အသိပညာဖလှယ်ရေးစကားဝိုင်းများဖန်တီး၍ ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တ၊ မိတ္တဗလငါးတန်ကို ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် လုပ်သင့်ကြသည်။ အသိအမြင်များ ဖလှယ်ခွင့်ရသည့်အတွက် လူအချင်းချင်းကြား အပြန်အလှန်နားလည်မှုတိုးကာ ကိုယ်ချင်းစာမှုရရှိလာစေသည်။

လူငယ်တွေကို စာဖတ်ဖို့အားပေးခြင်းသည် သူတို့ဘဝတစ်သက်စာအတွက်ပဲဖြစ်သည်ကို မြင်အောင်ပြရမည်။ စာဖတ်ခြင်းက ဘဝအပေါ်မှာ မှန်ကန်သည့်အမြင်နှင့် မှန်ကန်သည့်အမူအကျင့်များအထိ ပြောင်းလဲနိုင်စွမ်းရှိသည့်အတွက် မိမိတို့လူ့ဘဝတန်ဖိုးများ မြင့်တက်လာဖို့အရေးမှာ စာများများဖတ်ခြင်းက အရေးပါသည်ဆိုသည့် ယုံကြည်မှုတစ်ခုရရှိလာရန် အထူးလိုအပ်ပါသည်။ အခြေခံအားဖြင့် စာမတတ်တတ်အောင်၊ စာတတ်ပြီးလည်း စာဖတ်နေအောင်က လူ့အဖွဲ့အစည်း၏တာဝန်သာဖြစ်သည်ဟု ခံယူထားရပေမည်။

ဤသို့ဖြင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ မျှဝေပြီးသကာလ မိမိရသည့်အချိန် နည်းနည်းလေးမှာပင် နေ့စဉ်စာဖတ်ချိန်လေးတစ်ခုကို ပုံမှန်ထားရှိစေချင်သည်။ ပုံနှိပ်စာနေရာမှာ နည်းပညာ၏ ဆွဲဆောင်မှုဖြင့် နေရာယူလာသော ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာများဖြင့် မလိုအပ်သည့် နေထိုင်မှုပုံစံအမှားများတွင် အချိန်မပေးသင့်ပါ။ အကျိုးရှိ၊ အသုံးဝင်သည့်စာမျိုးစုံကို e- book ဖိုင်များမှ လက်လမ်းမီဖတ်ရှုခြင်းဖြင့် ဖိအားများကို လျှော့ချ၍ရသည်။ အားလပ်ချိန်ကို စာဖတ်ခြင်းဖြင့် အချိန်ကုန်စေချင်သည်၊ ဘာမှလုပ် စရာမရှိလျှင်တောင် စာကြည့်တိုက်စာအုပ်ဆိုင်များသို့သာသွား၍ စာအုပ်စာပေနှင့် ထိတွေ့စေချင်သည်။

စာကြည့်တိုက်များနှင့် နီးစပ်စေလိုပြီး စာဖတ်ခြင်းအလေ့ကို ပျိုးထောင်လိုလျှင် အတန်းကျောင်းတက် ကလေးဘဝကတည်းက စတင်ထားသင့်ပါသည်။ တွန်းတွန်းတိုက်တိုက်လုပ်မှရသည့် အလေ့အထတစ်ခုကို တစိုက်မတ်မတ် ပျိုးထောင်ပေးလျှင် ဝါသနာဖြစ်သွားပါသည်။ စာဖတ်ဝါသနာပါလာလျှင် စာဖတ်သည့်စရိုက်လည်း အလိုလိုဖြစ်ကာ စာပေကို ချစ်တတ်မြတ်နိုးတတ်လာပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အများစုသည် တစ်ချိန်ချိန်မှာတော့ အမှားနှင့်မကင်းခဲ့ကြပါ။ ခံစားမှုကိုဦးစားပေးပြီး ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲတွေနောက်ပါ၍ အတွေးအမြင်တွေ မှားခဲ့ကြဖူးသည်။ သို့သော် လူငယ်တွေမှားခဲ့သည်ဆိုလျှင်တော့ လူကြီးတွေ ညံ့လို့ ဟူ၍သာ မိမိကိုယ်မိမိ ခံယူထားပါသည်။ ထို့ကြောင့် အနာဂတ်မှာ ယနေ့လူငယ် နောင်ဝယ်လူကြီး ခေတ်အဆက်ဆက်မှာ ပညာဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ဖို့သာ အဓိကဖြစ်သင့်သည်ဟု ယူဆပါသည်။ စာဖတ်ဖို့ကို အလေးအနက်ထား တိုက်တွန်းရမည် ဖြစ်သလို စာဖတ်နိုင်မည့် အခွင့်အလမ်းများစွာလည်း ဖန်တီးပေးရမည်ဖြစ်သည်။

ပညာနှင့် အရာရာတိုင်းတာသည့်ခေတ်ကြီးဖြစ်၍ စာတတ်ရုံဖြင့် ရောင့်ရဲမနေစေဘဲ စာကိုဖတ်နိုင်သမျှ ဖတ်ဖြစ်အောင် မပြတ်စည်းရုံးလှုံ့ဆော်နေရပေမည်။ စာအုပ်စာပေ စာစောင်ဂျာနယ်များကို အပြန်အလှန်မျှဝေပေးဖတ်သင့်သည်။ ဖတ်ပြီးသောစာကို ဝေဖန်သုံးသပ်ချင့်ချိန်သည့် အလေ့အကျင့်လုပ်ကြရမည်၊ သို့မှသာ အမှားအမှန်ဆုံးဖြတ်နိုင်မည်ဖြစ်ပြီး ရင့်ကျက်မှုတစ်ခုဆီသို့ တိုးတက်ရောက်ရှိလာမည်ဟု ခိုင်ခိုင်မာမာယုံကြည်ပါသည်။ ။

**“စာဖတ်ခြင်းက စိတ်အာဟာရကို နှိုးဆော်ပေးစွမ်းသည်ဟု ဆိုလေ့ရှိကြသည်။ စိတ်အာဟာရဆိုသည်မှာ စိတ်ကောင်းနှလုံးကောင်း ကိုယ်ရည်ကိုယ်သွေးကောင်းနှင့် ရင့်ကျက်ကြံ့ခိုင်မှု ဆုလာဘ်တစ်မျိုးပင်ဖြစ်သည် တစ်နည်း စိတ်ခွန်အားရရှိလာခြင်းပင်ဖြစ်သည်။ စာကောင်းပေကောင်းများက အယူအဆနှင့် လုပ်ရပ် အမှားအမှန်ကို ဝေဖန်ခွဲခြားတတ်စေပြီး မှန်တာကိုလုပ် မှားတာဆိုမလုပ်တတ်သည့် ရိုးသားခြင်းဟူသောဂုဏ်ကိုလည်း ပေးပါသည်။ မသိတာတွေသိရ၊ ပညာဗဟုသုတရသဖြင့် အချင်းချင်းဆွေးနွေးကြ၊ မေးမြန်းကြ၊ ဖြေကြားကြရာမှာလည်း မိမိကိုယ်မိမိ လူရာဝင်သလိုဖြစ်လာကာ အပေါင်းအသင်းဆံ့ပြီး ယုံကြည်မှုကိုတိုးစေသည်။ လူတွေကို လိမ္မာလာစေပြီး အပြုအမူတွေကို ယဉ်ကျေးလာစေသည်။ မိမိတစ်ဦးတည်း ဖတ်နေရုံသိနေရုံနှင့်မပြီး တစ်ခါတစ်ရံ စာပေမြတ်နိုးသူအချင်းချင်း အသိပညာဖလှယ်ရေးစကားဝိုင်းများဖန်တီး၍ ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တ၊ မိတ္တဗလငါးတန်ကို ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် လုပ်သင့်ကြသည်။ အသိအမြင်များ ဖလှယ်ခွင့်ရသည့်အတွက် လူအချင်းချင်းကြား အပြန်အလှန်နားလည်မှုတိုးကာ ကိုယ်ချင်းစာမှုရရှိလာစေသည်”**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနသုံးခု၌ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆို

**မန္တလေး ဧပြီ ၂၉**

ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီး ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံကျောင်းများရှိ စာစစ်ဌာနများ၌ ယနေ့တွင် စာမေးပွဲစတင်ဖြေဆိုစေခဲ့ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြသည်။

ယနေ့နံနက်ပိုင်းမှ စတင်၍ စာမေးပွဲဖြေဆိုရန် သတ်မှတ်ထားသည့် စာစစ်ဌာနများဖြစ်သည့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုရန် လျှောက်ထားသူ ၅၉ ဦးတွင် ဖြေဆိုသူ ၃၇ဦး၊ ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုရန် လျှောက်ထားသူနှစ်ဦးတွင် ဖြေဆိုသူနှစ်ဦးနှင့် မိတ္ထီလာမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုရန် လျှောက်ထားသူသုံးဦးတွင် ဖြေဆိုသူသုံးဦး စုစုပေါင်း ၄၂ ဦး မြန်မာစာဘာသာရပ်ကို အေးချမ်းပျော်ရွှင်စွာ စတင်ဖြေဆိုကြသည်။





ယနေ့ စာမေးပွဲဖြေဆိုမှုနှင့် စပ်လျဉ်း၍ အောင်မြေသာစံမြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၏ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်စန္ဒာသွေးက "ကျွန်မတို့စာစစ်ဌာနမှာ ဖြေဆိုသူစာရင်းရှိ ကျောင်းသား ကျောင်းသူ ၅၉ ဦး ရှိပါတယ်။ အမှန်တကယ် လာရောက်ဖြေဆိုသူကျောင်းသား ၁၅ ဦးနဲ့ ကျောင်းသူ ၂၂ ဦး စုစုပေါင်း ၃၇ ဦးရှိပါတယ်။ သူတို့တွေ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ဖို့ စာမေးပွဲအခန်းတွေနဲ့ စာရေးကိရိယာတွေကိုလည်း အဆင်သင့် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ သွားလာရေး အဆင်ပြေစေဖို့ကိုလည်း ဆောင်ရွက်ပေးပါတယ်။ ဒီစာမေးပွဲကတော့ ကျောင်းသားကျောင်းသူတွေအတွက် အထူးအခွင့်အရေးနဲ့ စီစဉ်ထားပေးတဲ့အတွက် ဖြေဆိုခွင့်ရတဲ့သူတွေ ကံကောင်းကြပါတယ်။ စာမေးပွဲမှာ ကြိုးစားပြီးဖြေရင် အကျိုးကျေးဇူးခံစားရမှာပါ"ဟု ပြောသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စာမေးပွဲစာစစ်ဌာနများနှင့် အနီးစပ်ဆုံးကျောင်းများတွင် တည်းခိုနေထိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာစစ်ဌာနကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး စာမေးပွဲကို ဧပြီ ၂၉ ရက်မှ မေ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## မုံရွာမြို့၌ အထူးအစီအစဉ်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ စတင်ဖြေဆို

**မုံရွာ ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် မုံရွာမြို့ အမှတ်(၂) အခြေခံပညာကျောင်းတွင် စုစည်းခေါ်ယူ၍ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ယနေ့နံနက်ပိုင်းက စတင်ဖြေဆိုလျက်ရှိကြောင်း သိရသည်။



အဆိုပါ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်ပေးထားမှုတို့ကို မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အထူးအစီအစဉ်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအတွင်းမှ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၃ဦးအနက် ငါးဦး ဖြေဆိုလျက်ရှိပြီး STEAMS-1 ၊ STEAMS-2၊STAMS-1 စသည့်ဘာသာတွဲ(၃)တွဲကို ဧပြီ ၂၉ ရက်မှ မေ ၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မက်မန်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး


**မက်မန်း ဧပြီ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ပန်းတောင်းကျေးရွာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများကို ဧပြီ ၂၈ ရက်က ပန်းတောင်းကျေးရွာ အခြေခံမူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းက "ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဥပဒေအာဏာတည်ပြီး လက်ရှိဆောင်ရွက်နေမှု၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ ပြည်သူ့စစ်မှုထမ်းရန် ကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရသူများ၊ ယာယီရွှေ့ဆိုင်းခွင့်ရသူများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်း၊ ပြစ်မှုပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်၊ နိုင်ငံတကာတွင် စစ်မှုမထမ်းမနေရစနစ် ကျင့်သုံးသည့်နိုင်ငံများအကြောင်းစသည်တို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ဥမ္မာချို (လက်ထောက်ညွှန်ကြားရေးမှူး)တို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများကို ထပ်မံဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်အတွင်းရှိပြည်သူများ သောက်သုံးရေပြတ်လပ်ပါက ဆက်သွယ်အကူအညီတောင်းခံနိုင်

**ထန်းတပင် ဧပြီ ၂၉**

ထန်းတပင်မြို့နယ်အတွင်းရှိကျေးရွာများတွင် နွေရာသီရေရှားပါးခြင်းကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်လျက်ရှိသကဲ့သို့ သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်လာပါကလည်း ကူညီနိုင်ရေးအတွက်လည်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း - ၀၉-၂၅၀၄၅၉၅၉၁၊ ၀၉-၇၈၉၃၃၁၄၈၇၊ ၀၉-၄၂၀၁၃၃၂၅၈ နှင့် ၀၉-၇၉၀၈၁၈၃၁၈ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီ သောက်သုံးရေရှားပါးမှုများမဖြစ်ပေါ်စေရေးအတွက် မြေသားရေကန်အနက်နှိုက်ခြင်းလုပ်ငန်းများက မြို့နယ်အတွင်းရှိ ကော့မှူကျေးရွာ၊ ရွာကန့်လန့်ကျေးရွာ၊ အညာစုကျေးရွာ၊ မဲပလီကျေးရွာနှင့် အရှေ့သဲဖြူကျေးရွာ ငါးရွာမှာ မြေသားရေကန်အနက်နှိုက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးသွားပါက ကျေးရွာငါးရွာရှိ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းဦးကြည်က ပြောသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



ယာဉ်များဆေးကြောလျှင်
ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော
ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီမျိုးဥ(ဇော်မွှား) စိုက်ခင်းများ လှိုင်လှိုင်တူးဖော်လျက်ရှိ



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ အနောက်ပိုင်းရွာသစ်ရပ်ကွက်နှင့် ကိုးတောင့်၊ အောက်ဆိပ်အုပ်စုနှင့် ရောဝတီမြစ်ရိုးတစ်လျှောက် ယောချောင်း၊ ချစ်ချောင်းနံဘေးရှိ ကျေးရွာများတွင် ကြက်သွန်နီသီးနှံကို မိုးစိုက် (ဥစိုက်)၊ ဆောင်းစိုက် (ပင်စိုက်) မျိုးစေ့အနှံယူ စိုက်ခင်းများအပြင် မျိုးစေ့မှတစ်ဆင့် မျိုးဥယူ (ဇော်မွှား) စိုက်ခင်းများကို ဒေသတွင်းရှိ တောင်သူများမှာ တစ်ပိုင်တစ်နိုင် အဖြစ်လည်းကောင်း၊ စီးပွားဖြစ်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က ကြက်သွန်နီမျိုးဥ (ဇော်မွှား) စိုက်ဧက ၁၀၀ ခန့် စိုက်ပျိုးခဲ့ရာ ယခုနှစ်၌ ကြက်သွန်နီမိုးစိုက် (ဥစိုက်) စိုက်ပျိုးချိန်တွင် ဈေးကွက်ဝယ်လိုအားကောင်းမွန်ခြင်းကြောင့် ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်၍ မျိုးဥဈေးနှုန်းများလည်း မြင့်တက်လာသည့်အတွက် ကြက်သွန်နီမျိုးဥ(ဇော်မွှား) စိုက်ဧက ၁၅၀ ခန့်အထိ ပိုမိုတိုးချဲ့ စိုက်ပျိုးလာကြကြောင်း ဒေသခံ တောင်သူတစ်ဦးထံမှ သိရသည်။

စိုက်ပျိုးမှုအနေဖြင့် မြစ်ချောင်းတစ်လျှောက်ရှိ သဲနုန်းမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး အစေ့ကြဲပက်၍ ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ကြက်သွန်နီမျိုးဥ (ဇော်မွှား) တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀–၄၅၀၀ ပေါက်ဈေးဖြင့် ဒေသတွင်း၌ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တစ်ဧကလျှင် ငွေကျပ်သိန်း ၄၀ ခန့် ကုန်ကျကာ အကျိုးအမြတ်အနေဖြင့် ငွေကျပ်သိန်း ၂၀ ခန့် ရရှိကြောင်း ဒေသခံ တောင်သူများထံမှ သိရသည်။

ကြက်သွန်နီသည် အခြားသီးနှံများအနက် တွက်ခြေကိုက်သော သီးနှံတစ်မျိုးဖြစ်ရာ ကြက်သွန်နီမျိုးဥ (ဇော်မွှား) စိုက်ခင်းများ စိုက်ပျိုးခြင်းဖြင့် ကြက်သွန်နီဈေးကွက်ကောင်းမွန်ပြီး ဈေးကွက်ခိုင်မာမှုရှိပါက အကျိုးအမြတ်များစွာ ရရှိသည့်အပြင် မျိုးစေ့မှတစ်ဆင့် မျိုးဥယူခြင်းဖြစ်၍ (နွေ) ကြက်သွန်နီဥစိုက် စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ဝင် ကြက်သွန်ဥများ ရရှိခြင်းကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် စိုက်ပျိုးကြကြောင်း သိရသည်။

**DOCA (မကွေး)**

# ပွင့်ဖြူမြို့နယ်၌ မုန်လာဥနီများ စတင်တူးဖော်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ရွာသာကုန်း၊ ပေါက်စု၊ ချွန်းစု စသည့်ကျေးရွာများတွင် မြေအောက်ရေကို အသုံးပြု၍ မုန်လာဥနီများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ်တွင် အပင်များ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာတွင် ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

### သင့်တင့်မျှတသောအကျိုးအမြတ်များရရှိ

မုန်လာဥနီကို အပူအအေးမျှတသောဒေသများတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး အေးသောဒေသများနှင့် မြေဩဇာကောင်းသော မြေပွများတွင် အပင်များ ပိုမိုအောင်မြင်ဖြစ်ထွန်းလွယ်ကြောင်း၊ မုန်လာဥနီ အထွက်နှုန်းမှာ ရာသီဥတုနှင့် မြေအမျိုးအစားအပေါ်လိုက်၍ ကွာခြားမှုရှိကြောင်း၊ ပွင့်ဖြူဒေသ၌ မုန်လာဥနီစိုက်ပျိုးရာတွင် ပေါင်ဖော်၍ မျိုးစေ့ချပြီးစိုက်ပျိုးကြကြောင်း၊ ဖေဖော်ဝါရီလဆန်းတွင် စတင်စိုက်ပျိုးပြီး အပင်သက်တမ်း နှစ်လခွဲခန့်အကြာ ဧပြီလတွင် မုန်လာဥနီများကို စတင်တူးဖော်ရကြောင်း၊ မုန်လာဥနီတွင် ကယ်လိုရီပါဝင်မှုနည်းပါးပြီး ဗီတာမင်နှင့်သတ္တုဓာတ်များစွာပါရှိကာ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိစေသောကြောင့် ဈေးကွက်၌ အရောင်းသွက်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စတင်တူးဖော်ချိန် ဧပြီလဒုတိယပတ်တွင် မုန်လာဥနီတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ခန့်ဈေးနှုန်းဖြင့်လည်းကောင်း၊ ဧပြီလစတုတ္ထပတ်တွင် မုန်လာဥနီ အကြီး၊ အသေး အပေါ်မူတည်၍ တစ်ပိဿာလျှင်ငွေကျပ် ၂၅၀၀–၃၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွင့်ဖြူမြို့နယ်ထွက် မုန်လာဥနီများကို စလင်း၊ ဆင်ဖြူကျွန်း၊ မင်းဘူး၊ စကု၊ ချောက်၊ မကွေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး တောင်သူများအနေဖြင့် သင့်တင့်မျှတသော အကျိုးအမြတ်များရရှိကြောင်း မုန်လာဥနီစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

# မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ အနည်းငယ်မြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း၌ တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဧပြီလစတုတ္ထပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀–၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပုံမှန်အားဖြင့် နွေရာသီကာလများတွင် ကွမ်းအထွက်နှုန်းတိုးသော်လည်း ယခုနှစ် နွေရာသီမှာ အပူချိန်မြင့်မားသည့်အတွက် ရာသီဥတုအပူဒဏ်ကြောင့် ရွက်လိပ်ပိုးများ ကျရောက်ကာ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုနည်းပါးခြင်း၊ နှစ်သစ်ကူးသင်္ကြန်ကာလတွင်းနှင့် သင်္ကြန်အပြီးကာလများတွင် ဈေးကွက်ဝယ်လိုအား များပြားခြင်းတို့ကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

**DOCA (စစ်ကိုင်း)**

# အထက်မင်းလှမြို့နယ်ရှိ လောင်စာတောင့်လုပ်ငန်းဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်သည် ရေနံထွက်ရှိရာ ဒေသဖြစ်သည့်အလျောက် ရေနံတူးဖော်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းနှင့် အခြားအသေးစား စက်မှုလက်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြကြောင်း သိရသည်။

အထက်မင်းလှမြို့နယ်၌ ရေနံမီးသွေးမှတစ်ဆင့် ထုတ်လုပ်သော လောင်စာတောင့်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ လောင်စာတောင့် ထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းများမှာ ရေနံမီးသွေး၊ ကော်မှုန့်နှင့် ကျောက်မှုန့်(ခေါ်) ဂါလီတို့ဖြစ်ကြောင်း၊ အဓိကကုန်ကြမ်းတစ်ခုဖြစ်သည့် ရေနံမီးသွေး (ခေါ်) ရေနံချေးများကို မင်းလှမြို့အနီး မန်းသံပရာကန် ရေနံချက်စက်ရုံ (PIC) မှ တစ်တန်လျှင် ငွေကျပ် ၆၀၀၀၀၀ ဖြင့် ဝယ်ယူရကြောင်း၊ ကျန်ကော်မှုန့်နှင့် ကျောက်မှုန့်များကို မန္တလေးမြို့မှ ဝယ်ယူရကြောင်း၊ လောင်စာတောင့်အဖြစ် ထုတ်လုပ်ရာတွင် လုပ်အားခ၊ ဒီဇယ်ခ၊ မီတာခနှင့် အခြားသွင်းအားစု စရိတ်အပါအဝင် တစ်ရက်လျှင် စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် ၈၀၀၀၀–၁၀၀၀၀၀ ခန့် ကုန်ကျပြီး လောင်စာတောင့်လုပ်ငန်းတစ်ခုလုံး၏ စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၁၅၀–၂၀၀ ခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် လောင်စာတောင့် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့် ရန်ကုန်၊ မန္တလေး၊ ပြည်၊ မော်လမြိုင် စသည့်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း လောင်စာတောင့် လုပ်ငန်းပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

### ၂၉–၄–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၄၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၈၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၃၅၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၆၉၅၀ | ၁၆၅၀၀ | ၅၈၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၆၀၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၈၅၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၀၀ | | ၅၇၅၀ | ၁၆၀၀၀ | ၅၆၅၀ | ၅၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၂၀၀ | ၇၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၂၀၀ | ၆၀၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၂၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၇၂၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၂၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၈၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | | ၁၅၀၀၀ |

## တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ(၂/ ၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ထားဝယ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ (၂/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဟိုတယ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်တည်ဆောက်ခွင့်ပြု ၁၁ ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင်အသစ် ၁၂ ခု၊ အဆင့်မြင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်အသစ် သုံးခု၊ ခရီးလှည့်လည်ရေး



လုပ်ငန်းလိုင်စင်အသစ် ၂၂ ခု၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်အသစ် နှစ်ခု၊ ဟိုတယ်လုပ်ငန်း လိုင်စင်သက်တမ်းတိုးခြင်း ၃၅ ခု၊ အဆင့်မြင့်တည်းခိုရိပ်သာလုပ်ငန်း လိုင်စင် သက်တမ်းတိုးခြင်းအတွက် ခွင့်ပြုခြောက်ခု၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်း ၃၀၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်သက်တမ်းတိုးခြင်း ၇၄ ခုတို့ကို စိစစ်ခွင့်ပြုပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ရန် ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ကော်မတီဝင်များအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်၊ ခရီးစဉ်နေရာများ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်ပြီး ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်များအား လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပြီး ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားပြီး ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကော်မတီမှ ဆုံးဖြတ်ပေးရမည့် ဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းဆိုင်ရာ အမှာစာများအား ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖြင့် ရေရှည် ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ်တွင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၂၉**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို မေ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၉ ဦး၊ နေပြည်တော်စခန်းတန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၄ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၁ ဦးနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးတို့ကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများအား နည်းပြများက သင်ကြားပေးစဉ်။



လေကြောင်းလူငယ် သင်တန်းသားများ ဘာသာရပ်အလိုက် သင်ကြားစဉ်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၇၀၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မကွေးမြို့ရှိမကွေးသင်တန်းစခန်းမှ သင်တန်းသား ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းမှ စုဆောင်းငွေပေါ်အတိုးပေးအပ်၊ ပရဟိတအသင်းများသို့ ငွေလှူဒါန်း

**သီပေါ မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမနှစ်ဝက် (၂၀၂၃ မေမှ ၂၀၂၃ စက်တင်ဘာအထိ) စုဆောင်းငွေပေါ် အတိုးပေးအပ်ခြင်းနှင့် ပရဟိတအသင်း၊ သီတဂူ(သီပေါ) စက္ခုဒါနဆေးရုံသို့ အလှူငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးတင်မောင်မောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရတနာဝင်းက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စည်းမခြား ပရဟိတအဖွဲ့သို့ အလှူငွေကျပ်ငါးသိန်း၊ သီတဂူစက္ခုဒါန(သီပေါ) ဆေးရုံသို့ အလှူငွေကျပ် သုံးသိန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် စုဆောင်းငွေပေါ် အတိုးများကို လည်းကောင်း စုစုပေါင်း စုဆောင်းငွေပေါ်အတိုးငွေကျပ်သိန်း ၅၅၀ ကို အသင်းဥက္ကဋ္ဌက အချိုးကျခွဲဝေပေးအပ်သည်။

အဆိုပါ သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းအနေဖြင့် ဝန်ထမ်းအသင်းသားဦးရေ ၁၉၆၄ ဦးနှင့် ဖွဲ့စည်းထားပြီး သာမန်ချေးငွေ၊ အထူးချေးငွေနှင့် အရေးပေါ်ချေးငွေများအတွက် လစဉ်ထုတ်ချေးသည့် ငွေကြေးပမာဏမှာ ငွေကျပ်သိန်းသုံးသောင်းကျော်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဧပြီလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန်စံချိန်သစ် ဒီဂရီဖာရင်ဟိုက် | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း ဒီဂရီဖာရင်ဟိုက် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁။ | ချောက် | ၂၈-၄-၂၀၂၄ | ၄၈.၂ | ၁၁၈.၈ | ၆-၄-၂၀၂၄ | ၄၇.၄ | ၁၁၇.၃ | ၅၆ |
| ၂။ | ညောင်ဦး | ၂၈-၄-၂၀၂၄ | ၄၆.၀ | ၁၁၄.၈ | ၆-၄-၂၀၂၄ | ၄၅.၂ | ၁၁၃.၄ | ၅၉ |
| ၃။ | စစ်ကိုင်း | ၂၈-၄-၂၀၂၄ | ၄၅.၅ | ၁၁၃.၉ | ၁၁-၄-၂၀၁၆ | ၄၃.၈ | ၁၁၀.၈ | ၅၉ |
| ၄။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၂၈-၄-၂၀၂၄ | ၄၅.၅ | ၁၁၃.၉ | ၃၀-၄-၁၉၉၅ | ၄၄.၃ | ၁၁၁.၇ | ၃၀ |
| ၅။ | တောင်တွင်းကြီး | ၂၈-၄-၂၀၂၄ | ၄၅.၀ | ၁၁၃.၀ | ၂၈-၄-၂၀၁၆ | ၄၄.၉ | ၁၁၂.၈ | ၂၆ |
| ၆။ | မန္တလေး | ၂၈-၄-၂၀၂၄ | ၄၄.၈ | ၁၁၂.၆ | ၃၀-၄-၁၉၉၅ | ၄၄.၀ | ၁၁၁.၂ | ၇၇ |
| ၇။ | ဇေးဝင်းတူ | ၂၈-၄-၂၀၂၄ | ၄၃.၁ | ၁၀၉.၆ | ၂၉-၄-၂၀၀၁ | ၄၃.၀ | ၁၀၉.၄ | ၃၇ |

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၉-၄-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၆.၀ | ၁၁၄.၈ |
| ၂။ | မြင်းခြံ | ၄၅.၀ | ၁၁၃.၀ |
| ၃။ | တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၅.၀ | ၁၁၃.၀ |
| ၄။ | မကွေး | ၄၄.၈ | ၁၁၂.၆ |
| ၅။ | မြင်းမူ | ၄၄.၅ | ၁၁၂.၁ |
| ၆။ | မန္တလေး | ၄၄.၅ | ၁၁၂.၁ |
| ၇။ | တောင်တွင်းကြီး | ၄၄.၅ | ၁၁၂.၁ |
| ၈။ | ဆင်ဖြူကျွန်း | ၄၄.၃ | ၁၁၁.၇ |
| ၉။ | မင်းဘူး | ၄၄.၂ | ၁၁၁.၆ |
| ၁၀။ | ရွှေဘို | ၄၄.၀ | ၁၁၁.၂ |

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၂၉-၄-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၄၀.၀ | ၁၀၄.၀ |
| ၂။ | ရန်ကုန် | ၃၉.၅ | ၁၀၃.၁ |
| ၃။ | မန္တလေး | ၄၄.၅ | ၁၁၂.၁ |

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ကော့မှူးမြို့နယ်၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော



**ကော့မှူး ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ သစ်တောဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီက ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အ.ထ.က (ကော့မှူး)၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

ဟောပြောပွဲတွင် ကော့မှူးမြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်နုနုကြည်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးလူမင်းက ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အသိပညာပေးခြင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး တွံတေးမြို့နယ် ဘုရားကြီးပျိုးဥယျာဉ်သို့ သွားရောက်ပြီး သစ်ပင်စိုက်ပျိုးခြင်းကြောင့်ရရှိလာသောအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၃၈၅/၂) အနီး၌ မသင်္ကာဖွယ် ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁၃ ဒသမ ၁၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၁၁၈၆၀) နှင့် အဆိုပါသစ်များတင်ဆောင်ထားသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၁၁၈၆၀** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့အတူ ဧပြီ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း၊ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ Felicity Solar Lithium Iron Phosphate Battery လေးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Clear Float Glass ၃၄၄၆ ဒသမ ၂၆ စတုရန်းမီတာ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၇၅၄၇၂)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၉၇၅၄၇၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးမှုများဆောင်ရွက်**

ထို့ပြင် ဧပြီ ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဘားအံမြို့ မြို့ရှောင်လမ်းအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Plastic Tube ၈၈၅ ကီလိုဂရမ်၊ 108 Detergent ဆပ်ပြာမှုန့်ထုပ် ၄၈၀၀ ၊ Yum Yum ခေါက်ဆွဲခြောက်ထုပ် ၄၅၀၀ နှင့် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၆၀၀၀ ၊ တရုတ်နိုင်ငံထုတ် Billions Titanium Dioxide အိတ် ၂၅၀၊ Safety Shoes ဖိနပ်အရန် ၅၀၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Condor သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၆၆၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cook and Lobster ငါးငံပြာရည် ပုလင်း ၃၆၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တရားမဝင် အခြားသစ်(မီးသွေး) ၁၂ ဒသမ ၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) တို့ကို သစ်တောဥပဒေအရ လည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၄၉၆၀၀** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

သို့ဖြစ်၍ ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၄၉၆၉၃၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဖခင်အမည်မှန်

မင်းဘူး(စကုု)မြို့နယ် စကုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ Grade-10 အောင်မြင်ပြီးသူ မောင်နေယံဟိဏ်း၏ဖခင် ဦးမြတ်သိန်း၏ အမည်မှန်မှာ ဦးမြသိန်း ၈/မဘန(နိုင်)၀၉၈၅၀၆ ဖြစ်ပါကြောင်း။

ဦးမြသိန်း

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့၊ အမှတ်(၇) ရပ်ကွက်နေ ဦးမြင့်ဦး(ဦးစီးအရာရှိ၊ သစ်တော-ငြိမ်း)-ဒေါ်စန်းစန်းဝင်းတို့၏သား ကိုကျော်ကျော်ထူး(ခေတ္တ-ဂျပန်) ကျိုတိုတက္ကသိုလ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ စံပြသိမ်ကုန်းကျေးရွာ၊ နတ်စင်(၁)ရပ်ကွက်နေ ဦးကျော်ဌေး-ဒေါ်ခင်မြ တို့၏သမီးကြီး မသဇင်ဌေး(ခေတ္တ-နေ်ဝေ)နေ်ဝေတက္ကသိုလ်တို့အား နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်အရ ဂုဏ်သရေရှိလူကြီးမင်း၏ ရှေ့မှောက်၌ ၁၉-၄-၂၀၂၄ ရက်(သောကြာနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ကိုကျော်ကျော်ထူး-မသဇင်ဌေး

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်နှင့်အမည် ၆၅ / ဘိုကုန်း၊ ဦးပိုင်အမှတ် ၃၂ဃ၊ ဧရိယာ ၀.၁၄၂ ဧကရှိမြေသည် ဒေါ်ချိုတီ၊ ဦးဇော်ဝင်း၊ ဦးဇော်မင်း၊ ဦးသိန်းဇော်၊ မကြူကြူသင်း၊ ဦးသန်းဇော်တို့အမည်ဖြင့် အမည်ပြောင်းအမိန့်ထွက်ရှိထားပြီး၊ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင်လည်း ဒေါ်ချိုတီ ပါ ၆ ဦး အမည်ဖြင့် မှတ်သားတည်ရှိပါ သည်။ ဒေါ်ချိုတီ ပါ -၆ ဦး အနက်မှ ဦးသိန်းဇော်သည် (၂၄-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီးနောက် ၎င်း၏ဝေစုကို အမွေဆက်ခံသူဇနီး ဒေါ်အေးအေးသန်းနှင့် ဒေါ်ချိုတီ ပါ-၅ ဦး တို့သည် အထက်ဖော်ပြပါ အိမ်နှင့်မြေကို မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ "ကျမ်းကျိန်လွှာ" မှတ်ပုံတင်စာချုပ်အမှတ် ၈/၂၀၂၄ နှင့် "အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် ၉/၂၀၂၄ အရ အမွေဆက်ခံပိုင်ဆိုင်ထားကြပါသည်။ ထို့နောက် ဒေါ်ချိုတီ ပါ-၆ ဦးတို့သည် ၎င်းတို့တရားဝင်ပိုင်ဆိုင်ထားသော အထက်ဖော်ပြပါအိမ်နှင့်မြေကို ဒေါက်တာကျော်စွာဝင်းအား မှတ်ပုံတင်စာချုပ်အမှတ် ၉၁/၂၀၂၄အရ မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါက်တာကျော်စွာဝင်းသည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါအိမ်နှင့်မြေကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက် အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မော်လမြိုင်မြို့ နယ်မြေစာရင်းဦးစီးဌာန
မော်လမြိုင်မြို့

**အပူဒဏ်အန္တရာယ်ကာကွယ်ရေး**

**ကလေး သူငယ်များ၊ သက်ကြီး ရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်း အချိန်တွင် အရိပ်ရ အေးမြ၍ လေဝင် လေထွက် ကောင်းသော နေရာများတွင် နားနေပါ။**

# ကျိုက်မရောမြို့နယ်ရှိ ပြည်သူများ သောက်သုံးရေဖူလုံစေရန် သောက်သုံးရေများ ဖြန့်ဝေ

**ကျိုက်မရော မေ ၁၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးတင်သောင်းဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် သောက်သုံးရေလိုအပ်သည့် ဘုန်းတော်ကြီးကျောင်းများနှင့် ကျေးရွာနေပြည်သူများသို့ သွားရောက်ပြီး သောက်သုံးရေဂါလန်၂၈၀၀ ကို ယနေ့နံနက်ပိုင်းက အခမဲ့ဖြန့်ဝေလှူဒါန်းပေးကြောင်း သိရသည်။

ထိုကဲ့သို့ သောက်သုံးရေ ဖြန့်ဝေပေးခြင်းကို ရေရှားပါးသောနေရာများနှင့် ကျေးရွာများအထိ နွေရာသီကာလ ပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် အိမ်တိုင်ရာရောက် ဖြန့်ဝေလှူဒါန်းပေးမည်ဖြစ်ကြောင်း ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးမှူးထံမှ သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## (ပထမ)အကြိမ် တင်ဒါအမှတ်စဉ် (၁/၂၀၂၄-၂၀၂၅)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီး (မိုင် ၁၀၅/၇-၁၀၆/၀)ရှိ အပင်နှစ်ဆယ်တံတားနှင့် (မိုင် ၁၀၇/၀-၁၀၇/၁)ရှိ ကိုးဆူတံတားတို့အား နှစ်လမ်းသွားတံတားမှ လေးလမ်းသွားသံကူကွန်ကရိတံတားအဖြစ် အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (လုပ်ငန်းခွင်အရောက်)ဝယ်ယူခြင်း၊ စက်ယာဉ်ငှားရမ်းခြင်းတို့အတွက် မြန်မာ(ကျပ်)ငွေဖြင့် တင်ဒါခေါ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁) ဆိပ်ကြီးခနောင်တိုတံတားစီမံကိန်းဝင်း ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် |
| **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် ရက်နေ့** | - | (၁-၅-၂၀၂၄) ရုံးချိန်အတွင်း |
| **တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်** | - | (၁၂-၅- ၂၀၂၄)ရက်နေ့၊ ညနေ( ၃:၀၀ )နာရီ |
| **တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** | - | (၁၄-၅ -၂၀၂၃ )ရက်နေ့၊ (အင်္ဂါနေ့) နံနက်( ၁၀:၀၀)နာရီ |
| **တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၁၆)၊ တံတားဦးစီးဌာန၊ ပုသိမ်မြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို (၁-၅-၂၀၂၄)ရက်မှ (၁၂-၅-၂၀၂၄)ရက်အထိ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ ဆိပ်ကြီးခနောင်တိုတံတားစီမံကိန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်သွင်းမည့်လုပ်ငန်း၏ အသေးစိတ်အချက်အလက်များကို (၀၉-၇၈၆၄၅၀၅၅၆၊ ၀၉-၇၉၈၇၈၁၇၅၅၊ ၀၉-၄၀၀၄၅၂၆၈၈၊ ၀၉-၄၀၂၅၅၃၈၉၄)ကို ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ဝေးခရိုင်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း 'နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအတွက် လုပ်ငန်းတင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၂-၅-၂၀၂၄ မှ ၁၅-၅-၂၀၂၄ ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၁၆ - ၅ -၂၀၂၄ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ဝေးခရိုင်၊ နေပြည်တော်

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ဝေးခရိုင် ဖုန်း- ၀၉-၂၆၀၀၂၅၇၅၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်




## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရွာကြီးကျေးရွာနေ(ဘ) ဦးဇော်ဝင်းထွန်း ၉/သစန(နိုင်)၁၃၂၀၄၆ ၏ သမီးဖြစ်သူ မသွန်းမီမီဇော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသွန်းရတီဇော် ဖြစ်ပါကြောင်း။

မသွန်းရတီဇော်

## ဖခင်အမည်မှန်

